# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၈)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၄/၂၀၂၅)ကျင်းပ

## ကုန်သွယ်ရေးစနစ်တွင် လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးရေး စနစ်တကျပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် ကဏ္ဍအလိုက် တွန်းအားပေးအကောင်အထည်ဖော် စာမျက်နှာ ၅ ကော်လံ ၁ ➲



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်၊ ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ်၊ (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုအား အောက်တိုဘာလ ၂၄ ရက် ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။ မြဝတီ


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်)

# ပညာတတ်သည့်မျိုးဆက်နှင့်တိုးတက်သည့်နိုင်ငံတော်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါ်များခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့်လည်း ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ပြီး ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများသင်ယူနိုင်အောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးမှာ ဆရာ၊ ဆရာမများ၏တာဝန်ပင်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတိုင်းရင်းသားဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသောပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၁ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"မောင်တို့မယ်တို့ တိုင်းရင်းသားများသည် မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ (We are Myanmar)" ဆိုသည့် စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သည့် အမျိုးသားစိတ်ဓာတ်များဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသအသီးသီးက တပည့်ကျောင်းသားလူငယ်များကိုလည်း အကောင်းမြင်စိတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှုစိတ်၊ ရိုင်းပင်းကူညီစိတ် စသည့်စိတ်ဓာတ်များ ရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်"** ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့်မြန်မာနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အသက်တမျှအရေးကြီးလှသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ "မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တို့အားလုံးသည်သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးလျှင်သွေးနီးကြရမည်ဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား တို့အားလုံးသည်သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကိုပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်ဆိုသည့်စိတ်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့်မိသားစုများဆိုသည့် စိတ်ဓာတ်များပင်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်သည် ဆရာများ၏ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင်တည်မှီနေသည်။ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသည့် ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်နိုင်ငံတော်အတွက်အားထားရသည့် လူတော်လူကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကိုပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင် ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရမည်။ နိုင်ငံအတွက်လိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရမည်။ ကျောင်းသား၊ ကျောင်းသူများအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက်တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများ၊ **ပညာတတ်သည့်မျိုးဆက်နှင့်တိုးတက်သည့်နိုင်ငံတော်**ဖြစ်လာစေရေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆၆

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# မုဋ္ဌလီကျေးရွာ၌ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်

သရက် အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်အုပ်စု မုဋ္ဌလီကျေးရွာတောင်သူ ဦးလှသိန်း၏ လယ်မြေတစ်ဧက၌ မိုးစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပေးပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စံကွက်ရိတ်သိမ်းရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပေးသည်။

ထို့နောက် စံကွက်ရိတ်သိမ်းပွဲကျင်းပရာ တစ်ဧကအစိုတင်း ၁၄၀၊ အခြောက် ၁၂၆ တင်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နေအောင်က ၂၀၂၅-၂၀၂၆ ခုနှစ်မှစ၍ စပါးစိုက်ဧက ၂၀၁ ဧကရှိပြီး အောင်နိုင်တိုးဧက ၂၀ စံပြကွက် စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များထက်အထွက်နှုန်းသိသာစွာပိုထွက်ရှိကြောင်း ပြောကြားသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စိုက်ကြပ်များ၊ ကျေးရွာတောင်သူများ၊ စိုက်ပျိုးရေးနှင့်မြေစာရင်းဌာနတို့မှဝန်ထမ်းများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၆၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲကို ၁၀ ရက်ကြာကျင်းပရန်စီစဉ်

ပြည် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ပြည်မြို့ကျက်သရေဆောင် သမိုင်းဝင် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၄) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲကို အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၆ ရက်အထိ ၁၀ ရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိကြောင်း လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့မှ သိရသည်။



ထိုသို့ကျင်းပရာ၌ အောက်တိုဘာလ ၂၈ ရက် နံနက် ၅ နာရီခွဲတွင် သြဝါဒါစရိယဆရာတော်ကြီး ၁၀ ပါးနှင့်သံဃာတော် ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်းလေးခု၌ သံဃာတော် ၂၇ ပါးစီဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ စေတီတော်လေးထပ်ခမ္မာရုံ၌ တရားတော်နာယူမည်ဖြစ်သည်။ ယင်းနောက် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၁၄)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲဖွင့်ပွဲအခမ်းအနားကျင်းပပြီး မြတ်စွာဘုရားရှင်နှင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်သည်။

အောက်တိုဘာလ ၂၉ ရက် နံနက် ၉ နာရီတွင် ရင်ပြင်တော်ပေါ် မြတ်စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်တော်မူသည့် စိန်စေတီတော်၊ ပတ္တမြားစေတီတော်၊ ရွှေကလပ်တော်၊ မူလကြေးစေတီတော်နှင့် စန္ဒကူးကြုတ်တော်တို့ကို ရောင်တော်ဖွင့်ပွဲကျင်းပမည်ဖြစ်သည်။

အောက်တိုဘာလ ၃၁ ရက် ညနေ ၄ နာရီခွဲတွင် ရင်ပြင်တော်ပေါ်ရှိ ကျားပျံခမ္မာရုံ၌ (၁၂၆) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်အပူဇော်ခံပွဲ၊ နိုဝင်ဘာလ ၁ ရက် နံနက် ၆ နာရီတွင် မြတ်စွယ်တော်တိုက်အတွင်း ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် နိုဝင်ဘာလ ၂ ရက် ညနေ ၃ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ရင်ပြင်တော်ပေါ်၌ ရွှေဆံတော်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည်အပူဇော်ခံပွဲကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်စေရန် မြတ်စွယ်တော်တိုက် မှန်ကျောင်းဆောင်တော်၌ နိုဝင်ဘာလ ၃ ရက်မှ ၅ ရက်အထိ နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၉ နာရီအတွင်း အပူဇော်ခံထားရှိမည်ဖြစ်ပြီး နိုဝင်ဘာလ ၆ ရက် နံနက် ၅ နာရီခွဲတွင် ဗုဒ္ဓမြတ်စွယ်တော် တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူမည့် မြတ်စွယ်တော်တိုက် ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်ကာ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၄) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၆)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံပွဲ အောင်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

# မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့ရှိ နှစ် ၁၀၀ ကျော်သက်တမ်းရှိ အဆောက်အအုံ ၆၄ ခုကို ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများအဖြစ်သတ်မှတ်

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့ရှိ နှစ် ၁၀၀ ကျော်သက်တမ်းရှိ အဆောက်အအုံ ၆၄ ခုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယခုနှစ်တွင် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများအဖြစ် သတ်မှတ်လိုက်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။

ထိုသို့သတ်မှတ်လိုက်သော ရှေးဟောင်းအဆောက်အအုံ ၆၄ ခုတွင် ချမ်းမြသာစည်မြို့နယ်မှ ငါးခု၊ ချမ်းအေးသာစံမြို့နယ်မှ ခုနစ်ခု၊ ပြည်ကြီးတံခွန်မြို့နယ်မှ လေးခု၊ မဟာအောင်မြေမြို့နယ်မှ လေးခု၊ အောင်မြေသာစံမြို့နယ်မှ ၁၁ ခု၊ ပုသိမ်ကြီးမြို့နယ်မှ နှစ်ခုနှင့် ပြင်ဦးလွင်မြို့နယ်မှ ၃၁ ခုတို့ပါဝင်ပြီး ယင်းအဆောက်အအုံများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျစစ်ဆေးအကဲဖြတ်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများအဖြစ် ယခုနှစ်တွင် ထပ်တိုးသတ်မှတ်လိုက်ခြင်းဖြစ်သည်။

"ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ရာမှာ နှစ် ၁၀၀ ကျော်သက်တမ်းရှိတဲ့ အဆောက်အအုံတိုင်းကို သတ်မှတ်တာမဟုတ်ပါဘူး။ သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးနဲ့ ဗိသုကာအနုပညာလက်ရာတန်ဖိုး စတဲ့စံသတ်မှတ်ချက်သုံးရပ်အပေါ်မှာအခြေခံပြီး ကိုက်ညီမှုရှိမှသာ စိစစ်ရေးအဖွဲ့တွေက ရှေးဟောင်းအဆောက်အအုံအဖြစ် တရားဝင်သတ်မှတ်တာပါ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်ကပြောသည်။

ပြည်တွင်းရှိ ကိုလိုနီခေတ်မှအဆောက်အအုံတချို့သည် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိသော်လည်း သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး၊ ဗိသုကာလက်ရာတန်ဖိုးများ မရှိသည့်အတွက် ထိုအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ တရားဝင်သတ်မှတ်ခြင်း မရှိကြောင်း၊ တခြားသောတန်ဖိုးရှိ ရှေးဟောင်းအဆောက်အအုံများကို မထိခိုက်စေရန်နှင့် ပြည်တွင်း၌ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံများ ဖောင်းပွမှုမရှိစေရန် ယခုကဲ့သို့ စနစ်တကျ စိစစ်အကဲဖြတ်ပြီးမှ တရားဝင်သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းအဆောက်အအုံများကို မူလပုံစံပြောင်းလဲမသွားဘဲ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများကို နိုင်ငံတော်မှ လိုအပ်သောအကူအညီ၊ အထောက်အပံ့များ၊ အကြံဉာဏ်များနှင့် နည်းပညာများ ပံ့ပိုးကူညီလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေနှင့်မြေအောက်ရေတို့ဖြင့်စိုက်ပျိုးထားသည့် ရွှေဖရုံသီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် စိုက်ပျိုးထားသည့် ရွှေဖရုံသီးများ အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မိသားစုအပိုဝင်ငွေရရှိစေရန် မိမိတို့၏နေအိမ်ဝိုင်း မြေကွက်လပ်များနှင့် လယ်ယာ၊ ကိုင်းကျွန်းမြေများ၌ ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် ဈေးကွက်ကောင်းမွန်သော ဟင်းသီးဟင်းရွက်များကို ရွေးချယ်စိုက်ပျိုးကြပြီး ဝယ်ယူစားသုံးသူများ အစားအစာဘေးကင်းလုံခြုံစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများဖြစ်စေရန် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးကြောင်း၊ ဟင်းသီးဟင်းရွက်များတွင် ရွှေဖရုံသီးစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် အသီး၊ အညွန့်နှစ်မျိုးစလုံးကိုရောင်းချရ၍ တောင်သူများအနေဖြင့် ဝင်ငွေတိုးပွားပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရွှေဖရုံသီးစိုက်ပျိုးရာတွင် ပင်ပြန့်စိုက်ပျိုးနည်းစနစ်နှင့် စင်ထိုး၍စိုက်ပျိုးနည်းစနစ်ဟူ၍ နှစ်မျိုးရှိကာ ပင်ပြန့်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက ကြီးထွားဖွံ့ဖြိုးမှုနည်းသည့်အတွက် ရောင်းချရာတွင် ဈေးလျော့နည်းကြောင်း၊ စင်ထိုး၍ စိုက်နည်းစနစ်ဖြင့်စိုက်ပျိုးပါက အလုံးရေပို၍သီးသည့်အပြင် ကြီးထွားဖွံ့ဖြိုးမှုကောင်းမွန်သည့်အတွက် ရောင်းချရာတွင် ဈေးကောင်းရရှိကြောင်း၊ ရွှေဖရုံသီးသည် စနစ်တကျပြုစုပျိုးထောင်စိုက်ပျိုးပါက စိုက်ပျိုးစရိတ်အရင်းအနှီးနည်းပြီး ဝင်ငွေပိုမိုရရှိသည့်အတွက် ရွှေဖရုံသီးကို စီးပွားဖြစ်စိုက်ပျိုးသင့်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည်သီးနှံဝင်ငွေတိုးပွားစေရန် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးခြင်းအပြင် ဘုရားပန်းမျိုးစုံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ တချို့တောင်သူများက နှစ်ရှည်သီးနှံများဖြစ်သည့် သံပရာ၊ ရှောက်၊ ပိန္နဲ၊ ငှက်ပျောနှင့် သရက်တို့ကို စိုက်ပျိုးကြပြီး စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့နှင့်လည်း ပန်းချီကားများ ချိတ်ဆွဲထားသည့်အခန်းပေါင်း ၃၀၀ မျှကို စေ့စုံအောင် လိုက်ကြည့်ရန် မတတ်နိုင်သည်နှင့် အခန်းပေါင်း ၃၀ ခန့်မျှ လိုက်ကြည့်ပြီးနောက် လက်မြှောက်ပြီး တစ်နေရာတွင် ထိုင်နေရစ်ခဲ့ပါသည်။ ကျွန်ုပ်၏အဖော်နှစ်ယောက်နှင့် ရဲဘော်နှစ်ယောက်တို့မူကား လမ်းပြမိန်းကလေးနှင့်အတူ ဆက်လက်ရှုစားကြလေသည်။ တစ်နာရီခန့်ကြာ၍ သူတို့ပြန်လာသောအခါ ... 'ဘယ့်နှယ်လဲ။ နှံ့အောင် ကြည့်ခဲ့ကြပြီလား'ဟု ကျွန်ုပ်ကမေးရာ ...

အခန်းပေါင်း ၃၀၀ ရှိသည်ဟု လမ်းပြမိန်းကလေးက ပြောသည်တွင်မှ ကျွန်ုပ်သိရသည်။ ကျွန်ုပ်၏ ခန့်မှန်းခြေမှာ ပန်းချီကားများကို အတော်အတန် နှံ့စပ်အောင် အရသာခံလိုသူတစ်ယောက်ဖြစ်ပါက တစ်နေ့လျှင် သုံးခန်း(ကားပေါင်းတစ်ရာ) နှုန်းဖြင့် ရက်ပေါင်းတစ်ရာ ကြည့်သည့်တိုင်အောင် လုံလောက်လိမ့်မည်မထင်ပါ။ ကျွန်ုပ်မှာ ကမ္ဘာကို နှံ့အောင်လှည့်ဖူးသူတစ်ယောက်မဟုတ်သည်နှင့် 'ဆောင်းဥတုနန်းတော်' ပြတိုက်ကဲ့သို့ ပန်းချီကားပေါင်းစုံလင်သည့် တခြားပြတိုက်တစ်ခုသည် ကမ္ဘာတွင် ရှိလိမ့်မည်မထင်ဟုပြောရာတွင် သခင်ကျော်စိန်က အင်္ဂလန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးမှာလည်း အလွန်ကြီးကျယ်သည်ဟု သူကြားဖူးကြောင်း ပြောပါသည်။ တခြားသော ဝတ္ထုပစ္စည်းများ စုံလျှင်စုံလိမ့်မည်၊ ကမ္ဘာကျော် ပန်းချီကားများနှင့်ပတ်သက်၍မူ ဤမျှလောက် စုံလင်များပြားရန်မဖြစ်နိုင်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ် အထူးသဖြင့်အံ့သြခဲ့မိသော အခြင်းအရာတစ်ခုမှာ အခန်းပေါင်း ၃၀၀ ရှိသည်ဆိုသော ဤပြတိုက်ကြီးတွင် ကျွန်ုပ်ရောက်ခဲ့လေသမျှသော အခန်းတိုင်း၌ ကြည့်ရှုသူပရိသတ်ပြည့်နှက်လုမတတ်ရှိ၍ လူချင်းတိမ်းရှောင်ပေးရသည့်အဖြစ်မျိုးကို ကြုံခဲ့ရခြင်းပင်ဖြစ်ပါသည်။ တစ်နေရာ၌ ကျွန်ုပ်သည် အရုပ်ကားတစ်ကားကို မော့ကြည့်လျက်ရှိစဉ် မိန်းမပျိုတစ်ယောက်အား ဖင်နှင့်ပေါက်မိ၍ တောင်းပန်ယူရပါသည်။ သို့ရာတွင် မိန်းမပျိုသည် ကျွန်ုပ်အား "ဘိခ္ခု" ဖြစ်ကြောင်းမြင်သည်နှင့် ပြုံးရွှင်သောမျက်နှာကိုသာ ပြပါသည်။ (ဆိုဗီယက်ယူနီယံ၌ "ဘိခ္ခု" ဖြစ်ခြင်းသည် အတော်နေရာကျပုံကို တခြားနေရာ၌ ဖော်ပြပါဦးမည်။) ဤပြတိုက်ကြီး၌ ပန်းချီကားများကို အခန်းများတွင် ဆွဲချိတ်ထား၍ ပန်းပုပညာနှင့်ဆိုင်သည့် ကျောက်ရုပ်၊ ကြေးရုပ် စသည်များကိုမူ အခန်းများ၏အပြင်ရှိ လှေကားအဆင်းအတက်များနှင့် ကွက်လပ်များတွင် တွေ့ခဲ့ရပါသည်။ များစွာသော အရုပ်တို့မှာ ရုပ်ရှင်ကားတစ်ခုတွင် ပါဝင်ခဲ့လျှင် မြန်မာပြည်မှ ဆင်ဆာလူကြီးများက ဖြတ်ပစ်ဖို့ အမိန့်ပေးကောင်းပေးလိမ့်မည်ဟု တွေးရင်းပြုံးခဲ့မိပါသေးသည်။



### လီနင်ဂရက်ပြတိုက်

တစ်နေ့တွင် ကျွန်ုပ်တို့သည် လီနင်ဂရက်မြို့ကြီးအကြောင်းနှင့်ပတ်သက်သည့် ဓာတ်ပုံကားများ စုပေါင်းထားသော ပြတိုက်ကြီးသို့ရောက်သွားကြ၏။ ယင်းပြတိုက်ကြီးတွင်လည်း အခန်းပေါင်းမြောက်မြားစွာရှိ၍ ဓာတ်ပုံများကို နံရံများတွင်ဆွဲချိတ်ထားလေရာ ပရိသတ်သည် တစ်ခန်းမှတစ်ခန်းသို့ လှည့်လည်ပြီး ဓာတ်ပုံများကိုကြည့်ကြရလေသည်။ ဤနေရာ၌မူ ကျွန်ုပ်တို့နှင့်အတူပါသည့် ရဲဘော်နှစ်ယောက်နှင့်လမ်းပြတစ်ယောက်အပြင် ဤပြတိုက်ကြီးမှ မိန်းမတစ်ယောက်သည်လည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာ၍ ဓာတ်ပုံများ၏အကြောင်းအရာများကို အတော်စုံလင်စွာ အသေးစိတ်ပြောပြလေသည်။

ကျွန်ုပ်သည် သုံးလေးခန်းမျှကြည့်ပြီးသောအခါတွင် အတော်ညောင်းညာလာသည်နှင့် အခန်းတစ်ခုအတွင်း ဓာတ်ပုံများကိုစေ့စုံအောင်တကောက်ကောက်လိုက်၍မကြည့်လိုတော့ဘဲ တစ်နေရာ၌ ခင်းထားသည့် ထိုင်ခုံပေါ်တွင်ထိုင်ကာ မျှော်ကြည့်ရုံမျှကြည့်၏။ ဤတွင် ကျွန်ုပ်၏ညီနှင့်သားတို့သည် ကျွန်ုပ်ကောင်းစွာမြင်စေလိုသည့်စေတနာဖြင့် ကျွန်ုပ်ထိုင်သည့် ထိုင်ခုံကိုဓာတ်ပုံကားအနီး တခြားလူများ၏ရှေ့သို့ ရွှေ့ကာရွှေ့ကာခင်းပေးကြ၏။ သူတို့က တစ်ယောက်တစ်လှည့် ပြောင်းရွှေ့ပေးကြခြင်းကို ကျွန်ုပ်က အားနာသည်နှင့်ရွှေ့မပေးဖို့ တောင်းပန်သော်လည်း သူတို့နှစ်ယောက်က အလုအယက် ရွှေ့ပေးကြ၏။ ဤသည်မှာ "ညီ" တော်ပါရစေ၊ "သား" တော်ပါရစေဟု ပြောပြီးဖြစ်သည့် ရဲဘော်နှစ်ယောက်ဖြစ်သောကြောင့်ထားပါဦး။ အခန်းစောင့် မိန်းမကြီးများကလည်း သူတို့နှစ်ယောက်ကဲ့သို့ပင် ကျွန်ုပ်အတွက် အလုအယက်ကျေးဇူးပြုကြခြင်းမှာ အံ့သြလောက်ပါပေသည်။

### လူအိုချင်းကြင်နာပုံ

ဤပြတိုက်ကြီးတွင် အခန်းပေါင်းများစွာရှိသည့်အနက် တစ်ခန်းလျှင် အသက် ၅၀ မှ ၆၀ အတွင်းရှိသည့် မိန်းမကြီးတစ်ယောက်စီ စောင့်လျက်ရှိရာ ပထမတစ်ခန်း၊ နှစ်ခန်း၌ မိန်းမကြီးများသည် ရဲဘော်များက ထိုင်ခုံပြောင်းရွှေ့ပေးခြင်းကို ကြည့်နေကြသော်လည်း တတိယအခန်းသို့ ရောက်ကြသောအခါ၌မူကား အစောင့်မိန်းမကြီးသည် ရဲဘော်များ ရွှေ့ပေးခြင်းကို ကြည့်မနေဘဲ ကျွန်ုပ်အတွက် ထိုင်ခုံကို သူကိုယ်တိုင်ရွှေ့ပေးလေသည်။ အခန်းတစ်ခန်းလျှင် ဆယ်နေရာထက်မနည်း ပြောင်းရွှေ့ရလေရာ မိန်းမကြီးသည် ကျွန်ုပ်အနီးမှ ခွာတော့သည်မရှိဘဲ နောက်မှကပ်၍ရပ်ကာ လိုအပ်သောအချိန်တွင် ဖျတ်ခနဲ ကောက်ယူပြောင်းရွှေ့ပေးလေသည်။ ထိုမှတစ်ဖန် စတုတ္ထအခန်း၊ ပဉ္စမအခန်း စသည်ဖြင့် တစ်ခန်းပြီးတစ်ခန်း ပြောင်းရွှေ့ကြလေရာ နောက်တစ်ခန်းသို့ ကျွန်ုပ်တို့ ကူးခါနီးတွင် ထိုအခန်းမှ မိန်းမကြီးသည် အဝမှ ကျွန်ုပ်ကိုကြိုဆိုလျက်ရှိပါတော့သည်။ တစ်ယောက်ပြီးတစ်ယောက် ဤနည်းအတိုင်းပြုလုပ်ခြင်းကိုတွေ့ရသောအခါ မိန်းမကြီးများသည် အသက်ကြီးရင့်သော ဧည့်သည်များအား ဤနည်းအတိုင်း လောကဝတ်ပြုကြလေသလောဟု ကျွန်ုပ်စဉ်းစားမိပါသေးသည်။ သို့ရာတွင် ဓာတ်ပုံကားများအကြောင်းကို ရှင်းလင်းပြောပြသော ခပ်ရွယ်ရွယ်မိန်းမကြီးက ကျွန်ုပ်အား မိန်းမကြီးများ အရေးတယူ စိတ်ပါလက်ပါ ဆောင်ရွက်ပေးကြခြင်းများကို မြင်ရ၍ ပြုံးခြင်းကို ကျွန်ုပ်တွေ့ရပါသည်။ အကယ်၍ လူအိုတိုင်းအား မိန်းမကြီးများက ဤနည်းအတိုင်း ဆောင်ရွက်နေကျဖြစ်ခဲ့ပါမူ ထိုမိန်းမသည် ဤကဲ့သို့ ပြုံးလိမ့်မည်မထင်ပါ။ ထို့ကြောင့် အစောင့်မိန်းမကြီးများသည် ကျွန်ုပ်အတွက် သက်သက်ဆောင်ရွက်ပေးကြခြင်းဖြစ်သည်ဟုထင်ပါသည်။ ဤကဲ့သို့ ထင်မြင်မိရာတွင် ကျွန်ုပ်သည် ဤအခန်းမှ ထိုအခန်းသို့ ကူးတော့မည်ပြုတိုင်း ခွဲခွာရမည့်ဆဲဆဲရှိသော မိန်းမကြီး၏လက်ကို လှိုက်လှဲစွာကိုင်လှုပ်လေရာ မိန်းမကြီးများသည်လည်း ကျွန်ုပ်၏လှိုက်လှဲသော အမူအရာကို မြင်ကြ၍ ဝမ်းသာကြပုံရသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အခန်းပေါင်း ၂၀ ခန့်မျှ ဝင်ရောက်ကြည့်ရှုခဲ့ကြရာ သွားလေရာအရပ်တွင် မိန်းမကြီးတစ်ယောက်နှင့်ခွဲခါနီး၌ တခြားတစ်ယောက်က ကျွန်ုပ်ကို ဆီးကြိုလျက်ရှိသည်ချည်း တွေ့ရ၏။ ကျွန်ုပ်၏ညီကမူ ဤအခြင်းအရာကို တစ်ပြောတည်းပြောကာ ချီးမွမ်း၍မဆုံးအောင် ရှိပါတော့သည်။ ဤအဖြစ်အပျက်ကို အသေးစိတ်ဖော်ပြရခြင်းမှာ ကျွန်ုပ်အတွက် ကြွားလိုသောကြောင့်မဟုတ်။ မေတ္တာစိတ်ဓာတ်၏အစွမ်းကို လူအများသိစေလိုသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်၏မေတ္တာမျက်လုံးသည် ထိုမိန်းမကြီး၏ ကြင်နာသောသဘောကို နှိုးဆွပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။

### စာပေစိတ်ဓာတ်

လီနင်ဂရက်၌ရှိစဉ် မတ်လ ၄ ရက်တွင် ကျွန်ုပ်တို့သုံးယောက်သည် ကျွန်ုပ်၏ "ညီ" နှင့် "သား" အပြင် လမ်းပြမိန်းကလေး အာလာနှင့်အတူ ရွာလေးတစ်ရွာသို့ ကားတစ်စီးနှင့်သွားကြ၏။ ထိုရွာမှာ လီနင်အား ဇာဘုရင်အစိုးရက ဖမ်းဆီးမည်ဆို၍ ပုန်းအောင်းနေရဖူးသော ရွာလေးဖြစ်၏။ ကျွန်ုပ်တို့ မောင်းနှင်လာကြသည့်ကားလမ်းမှာ ဖင်လန်ပင်လယ်ကွေ့ကမ်းခြေမှ ဖြတ်သန်းလာသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ရောက်ခဲ့ဖူးသမျှသော နေရာများအနက်တွင် မြောက်အကျဆုံး၊ အအေးဆုံးဖြစ်လေသည်။ ကျွန်ုပ်သည် ဖင်လန်ပင်လယ်ကွေ့ဆိုသောကြောင့် ကားပေါ်မှ တမင်တကာမျှော်ကြည့်ခဲ့ပါသေးသည်။ ရေခဲများဖုံး၍ ဖွေးဖွေးဖြူလျက်ရှိခြင်းကိုသာမြင်ခဲ့ရ၏။ ရွာလေးသို့ ချဉ်းကပ်လာသောအခါ ကျွန်ုပ်တို့သည် မော်တော်ကားကို နှစ်ဖာလုံခန့်တွင်ထားခဲ့ပြီး ခြေကျင်လျှောက်ကြရလေသည်။ ထိုအခိုက်တွင် မိုးပွင့်များ တဖွေးဖွေးကျလျက် လေလေးကလည်း တဖြူးဖြူးတိုက်ခတ်နေသောကြောင့် ကျွန်ုပ်ကြုံရဖူးသမျှတွင် အချမ်းအေးဆုံးဥတုဖြစ်၏။ (အအေးချိန်မှာ သုညအောက် ၂၀ ဒီဂရီရှိသည်ဟု နောက်တစ်နေ့သတင်းစာတွင် တွေ့ရသည်။)

ဆက်လက်ဖော်ပြပါမည်။

## မူလတန်းကြိုကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သာယာဝတီ အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ မူလတန်းကြိုကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၂၂ ရက်တွင် သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီမြို့နယ် မူလတန်းကြိုကျောင်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူ ၁၆၉ ဦးတို့၏ ဉာဏစွမ်းရည်ဖြစ်သည့် သီချင်းဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာနှင့်ဝန်ထမ်းများ၊ မူလတန်းကြိုကျောင်းပေါင်းစုံမှ ဆရာ၊ ဆရာမများ၊ မိဘများနှင့် မူကြိုကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။



ချမ်းမြေ့

**❖ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏အကျိုးသာမက နိုင်ငံ၏ အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေအလေးထားဆောင်ရွက်၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် ဈေးနှုန်းသက်သာစွာဝယ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်ပေးထား၊ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) များကိုလည်းထောက်ပံ့ပေးထား၊ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်နှုန်း အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန် လို . . .**

**❖ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက် . . .**

၁ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုစသည့်အခွင့်အလမ်းများပိုမိုရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အဆိုပါနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

**စိုက်ပျိုးရေးနှင့်ပတ်သက်၍** မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည်နိုင်ငံ၏အဓိကပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **“နိုင်ငံတော်ရွှေသီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာလုံလောက်စွာ ရရှိနိုင်စေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း နိုင်ငံအနှံ့ မျိုးကောင်းမျိုးသန့်မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်ကိုစိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ် ဝါးတန်ချိန်များစွာထွက်ရှိသည့်အတွက်ဝါးကိုအခြေခံသည့်ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန် ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများအသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏အကျိုးသာမက နိုင်ငံ၏ အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေ အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) များကိုလည်း ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါထောက်ပံ့ပေးထားသည့်ဒေသများတွင် ပန်းတိုင်အထွက်နှုန်း အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။

**စက်မှုကဏ္ဍနှင့်ပတ်သက်၍** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာသုံးထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ကြောင်းနှင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီးတိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တရားမဝင်ကုန်သွယ်မှုနှင့်အရေးယူမှုများနှင့်ပတ်သက်၍**လည်း မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်တရားမဝင်ကုန်သွယ်မှုသည်အဓိကအဟန့်အတားဖြစ်နေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည့်အတွက်တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာဌာနများက ယခုထက်ပိုမို တားဆီးကြပ်မတ်ဆောင်ရွက်စေလိုကြောင်းနှင့် ဖမ်းဆီးရမိမှုများကို ဥပဒေပုဒ်မ မှန်မှန်ကန်ကန်ဖြင့် တရားစွဲအရေးယူရန် လိုအပ်ကြောင်း။

**ပညာရေးနှင့်ပတ်သက်၍** လူတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့်နီးပါး အတန်းစဉ်အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရေး အတန်းစဉ်ကူးပြောင်းရာတွင် ရှိရင်းကျောင်းသားဦးရေထက် လျော့နည်းမသွားစေရေး ကြပ်မတ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်ကချမှတ်ထားသည့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍** လက်ရှိပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **“ဆေးရုံတိုင်းဆရာဝန်ရှိရမည်”**ဟု မူဝါဒချမှတ်ပေးထားသည့်အတွက် ဆေးရုံများအတွက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန်လိုအပ်ကြောင်း။

**အားကစားကဏ္ဍနှင့် ပတ်သက်၍ “အားကစားကိုမြှင့်တင်ခြင်းသည်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”** ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အကြီးအကဲအနေဖြင့် အားကစားကဏ္ဍကိုအားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိမြို့ကြီးများတွင် မိုးလုံလေလုံ အားကစားရုံ၊ ရေကူးကန်၊ လူ ၅၀၀၀ ပွဲကြည့်နိုင်သည့် အဆင့်မြင့်ပွဲကြည့်စင်နှင့် Synthetic Rubber Track and Field ကွင်းအပါအဝင် ဘောလုံးကွင်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းအောင် လေ့ကျင့်မွေးမြူပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးကြစေလိုကြောင်း၊ မကြာမီ ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်အားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍနှင့်စပ်လျဉ်း၍** ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများကိုလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

**ရွေးကောက်ပွဲနှင့်ပတ်သက်၍** လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ပြည်သူများအသုံးပြုတတ်စေရန် ပညာပေးရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး စသည်များကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၂၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က အမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် အဖွဲ့ဝင် ဦးစိုးတင့်သည် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြုပြင်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး၍ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန်မှာကြားကာ တက္ကသိုလ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရတနာသိဃ်ခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ သင်တန်းကို ဇွန်လ ၂ ရက်မှ အောက်တိုဘာလ ၂၂ ရက်အထိ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၉ ဦး စုစုပေါင်း ၉၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို)အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ


ညောင်ဦး အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင်ကျရောက်မည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း (ညောင်ဦး)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရည်မွန်သူက စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ အမှတ်ပေးစည်းမျဉ်းနှင့် အမှတ်ပေးရခြင်းအကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အစုအဖွဲ့များနှင့်ပူးပေါင်းတတ်စေရန်၊ ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များပေါ်ထွန်းလာစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီးနောက် အခြေခံပညာအထက်တန်းနှင့်အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အမျိုးသားနေ့ဒို့မမေ့ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာလ ၂၂ ရက်တွင် ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူရှစ်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူရှစ်ဦး စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း




# သာကေတမြို့နယ်၌ စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ၏ ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကော်မတီနှင့် သာကေတမြို့နယ်မှ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ စေတနာ့ဝန်ထမ်း (Volunteer)များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၂ ရက်တွင် သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်တင်တင်လှိုင်နှင့် ဒုတိယဥက္ကဋ္ဌ (၃) ဦးဌေးလင်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကော်မတီဥက္ကဋ္ဌ ဦးဖွဲ့ရန်နိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားတတ်သော သဘာဝဘေးများအကြောင်း၊ AI, Digital, ICT နည်းပညာနှင့် သဘာဝဘေး ကြိုတင်ကာကွယ်တုံ့ပြန်ရေး၊ ပရဟိတဆိုသည်မှာ၊ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့်အကြောင်းအရာများကို သင်ကြားပို့ချပေးသွားမည့်အပြင် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်ပြီး မီးသတ်ဦးစီးဌာနမှ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သာကေတမြို့နယ်အတွင်းရှိဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းနှင့် ယင်းသင်တန်းသို့ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များမှ လူငယ်များ၊ စေတနာ့ဝန်ထမ်း (Volunteer) လုပ်ငန်းစဉ်များကို စိတ်ပါဝင်စားသူ လူငယ်များတက်ရောက်ကြကြောင်း သိရသည်။

လင်းခန့်

# လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

လင်းခေး အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်များ၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝမ်တိန်းကျေးရွာ၌ အရှည် ၁ မိုင် ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မရှိ မြေနှင့် သဲဖြန့်ခင်းခြင်းလုပ်ငန်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီသုံးခုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၁၀ ဒသမ ၃၃၉ သန်း အသုံးပြု၍ ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)၌ စာဖတ်ရှိန်မြှင့်မားရေး လူငယ်စကားဝိုင်းကျင်းပ

သထုံ အောက်တိုဘာ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေး လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၂၁ ရက်က လိပ်အင်းရပ်ကွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်သည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)မှ Grade-11 နှင့် Grade -10 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ ကျောင်းသားလူငယ်များနှင့် ကျန်းမာရေး၊ ဝီရိယရှိသော လူငယ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ဖြေကြားပေးခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



မိတ္ထီလာ အောက်တိုဘာ ၂၂

မိတ္ထီလာခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို အောက်တိုဘာလ ၂၂ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒိုင်အဖွဲ့ဝင်ဆရာမဒေါ်လှလှဦးက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၀၄ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သူ ၅၀ ဦးအား အကဲဖြတ်ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ အကဲဖြတ်ရွေးချယ်သည်။

အဆိုပါ ၅၀ ဦးသည် အောက်တိုဘာလ ၂၉ ရက်တွင်ကျင်းပမည့် ခရိုင်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုရရှိသူ ငါးဦးကိုရွေးချယ်၍ ဆုပေးအပ်မည်ဖြစ်သည်။

ယင်းပွဲတော်အကြို ပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့ ပါဝင်ပြီး အဆိုပါပြိုင်ပွဲကို အောက်တိုဘာလ ၂၀ ရက်မှ ၂၄ ရက်အထိအကြိုကျင်းပမည်ဖြစ်သည်။ အထွေထွေဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲ၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို အဆိုပါပွဲတော်ကျင်းပမည့် အောက်တိုဘာလ ၂၉ ရက်တွင် အကြိုပြိုင်ပွဲများနှင့်အတူ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၆၀၂)



## ပဲခူးမြို့၌ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူး အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌တန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပတဲ့ ရာသီအလိုက်ပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများကို မိမိတို့နေထိုင်ရာ ပဲခူးမြို့၏ပုံရိပ် ထူးခြားကောင်းမွန်စေရေးအတွက် လုံခြုံအေးချမ်းသာယာရေးမှအစ ကဏ္ဍအလိုက်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါတယ်"ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရာသီအလိုက်ပွဲတော်များကို အစဉ်အလာမပြတ် စည်ကားသိုက်မြိုက်စွာကျင်းပပေးလျက်ရှိရာ ယခုနှစ် တန်ဆောင်တိုင်ပွဲတော်ကိုလည်း ယခင်နှစ်များနည်းတူ မီးပုံးပျံလွှတ်ခြင်း၊ မီးစကြာဖြင့်ပူဇော်ခြင်း၊ စင်တင်တေးဂီတဖြင့်ဖျော်ဖြေခြင်း၊ ဖျော်ဖြေရေးယာဉ်ဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေခြင်းနှင့် အခြားပျော်ရွှင်ပွဲများကိုထည့်သွင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့မိ၊ မြို့ဖများပူးပေါင်းကာ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများကို စတုဒိသာနှစ်ရက်ကျွေးမွေးခြင်းတို့ပါဝင်မည်ဖြစ်ပြီး တန်ဆောင်တိုင်ကာလ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် မဟာစေတီတော်မြတ်ကြီးတို့တွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အခြားအလှူအတန်းပွဲများလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး




နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ကုသရေးဦးစီးဌာနက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် တပ်ကုန်း ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင် ကြီးကြပ်၍ အထူးကုဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ ကျန်းမာရေးဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာများလာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊ သွေးချိုရောဂါစစ်ဆေးပေးခြင်း၊ ဒူးနာ၊ ခါးနာရောဂါများ၊ အရိုးရောဂါ၊ သွားရောဂါများ စစ်ဆေးကုသဆောင်ရွက်ပေးသည်။

ထို့နောက် လာရောက်ပြသကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား စုစုပေါင်း ၁၁၅ ဦးတို့အား ရောဂါဝေဒနာအလိုက် ဆေးဝါးများပေးအပ်ကာ ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးကြကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှ သိရသည်။ (၄၁၃)

## မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

သရက်ချောင်း အောက်တိုဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်သစ်တောဦးစီးဌာနမှ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၂ ရက်နံနက်ပိုင်းတွင် တီတွတ်ပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ်သစ်တောဦးစီးဌာနမှူးက ရာသီဥတုပြောင်းလဲခြင်းနှင့်သစ်ပင်စိုက်ပျိုးပြုစုခြင်း၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားဆိုးကျိုးများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့်ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများနှင့်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ၊ သစ်တောထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များလျှော့ချနိုင်မှုနှင့်ကြိုတင်ကာကွယ်ခြင်းအကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာနမှူးက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက စိမ်းလန်းစိုပြည်ရေးအလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ တီတွတ်ပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ တာဝန်ခံဆရာက လက်ခံရယူကြောင်း သိရသည်။ (၄၁၂)



### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

### MWD Variety Channel

၂၃-၁၀-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |
| ၂။ | ၁၁:၃၅ | ကဗျာအလှ ရသလွင်ပြင် |
| ၃။ | ၁၂:၄၅ | Variety Choice |
| ၄။ | ၂၂:၄၅ | အားကစားနည်း သမိုင်းကြောင်း |

# အသည်းအဆီဖုံးရောဂါအန္တရာယ်နှင့် ရှောင်ရန် ဆောင်ရန်များ

ဒေါက်တာသိင်္ဂီကျော်

ယနေ့ခေတ်တွင် ပြုပြင်ထားသော အစားအစာများစားသုံးမှုနှင့် အထိုင်များသော နေထိုင်မှုပုံစံများကြောင့် အသည်းအဆီဖုံးရောဂါ ပို၍အဖြစ်များလာသည်။ အသည်းအဆီဖုံးရောဂါသည် အသည်းဆဲလ်များတွင် အဆီပိုများစုပုံလာကာ အသည်းရောင်ရမ်းခြင်းနှင့် အသည်းပျက်စီးခြင်းကဲ့သို့အန္တရာယ်ရှိသော ကျန်းမာရေးအခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်။ ပုံမှန်အားဖြင့် အသည်းတွင် အဆီပမာဏ အနည်းငယ်ရှိသော်လည်း အဆီသည် အသည်းအလေးချိန်၏ ၅-၁၀ ရာခိုင်နှုန်းထက်ပိုပါက အသည်းအဆီဖုံးရောဂါဟု သတ်မှတ်သည်။

အသည်းအဆီဖုံးရောဂါကို အဓိကအမျိုးအစားနှစ်မျိုးခွဲခြားနိုင်သည်။ အရက်အလွန်အကျွံသောက်ခြင်းကြောင့် ဖြစ်ပေါ်လာသောအသည်းအဆီဖုံးရောဂါနှင့် အရက်ကြောင့်မဟုတ်သော ဇီဝဖြစ်စဉ်ဆိုင်ရာကမောက်ကမဖြစ်မှုနှင့်ဆက်စပ်နေသည့် အဝလွန်ခြင်း၊ အင်ဆူလင်ခံနိုင်ရည်ရှိခြင်း၊ ကိုလက်စထရောများခြင်း၊ သွေးတိုးခြင်းနှင့် အမျိုးအစား-၂ သွေးချို၊ ဆီးချိုရောဂါ စသည့်အခြေအနေများကြောင့် အသည်းတွင် အဆီများစုလာကာ အသည်းအဆီဖုံးရောဂါဖြစ်နိုင်သည်။ မကုသဘဲထားလျှင် အခြေအနေနှစ်ခုစလုံးသည် ပိုမိုပြင်းထန်သော အသည်းပျက်စီးမှုအန္တရာယ်ဖြစ်လာနိုင်သည်။ အစားအသောက်နှင့်ကိုယ်အလေးချိန်လျှော့ချခြင်းအပါအဝင် လူနေမှုပုံစံပြောင်းလဲခြင်းဖြင့် အသည်းအဆီဖုံးရောဂါကို ကောင်းစွာကာကွယ်ထိန်းချုပ်နိုင်ပါသည်။

**"ကျန်းမာရေးနှင့်ညီညွတ်ပြီး အဆီနည်းသောအစားအစာသည် အသည်းအတွင်းရှိ အဆီနှင့်ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်ပြီး ပိုမိုပြင်းထန်သောအသည်းရောဂါကိုကာကွယ်နိုင်သည်။ အခြေခံအားဖြင့် ကယ်လိုရီလျှော့ချစားသောက်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အဆီစားသုံးမှုလျှော့ချခြင်း၊ အမျှင်ဓာတ်ကြွယ်ဝပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသောအစားအစာများတိုးမြှင့်စားသောက်ခြင်းနှင့် အာဟာရသိပ်သည်းသောအစားအစာများကို ရွေးချယ်ခြင်းတို့ ပါဝင်ပါသည် . . ."**

**အသည်းအဆီဖုံးရောဂါအတွက် ကောင်းမွန်သောအစားအစာများ**

အစာအာဟာရသည် အသည်းအဆီဖုံးခြင်း၏ နောက်ဆက်တွဲပြဿနာများကို ထိန်းချုပ်ရန်၊ လျှော့ချရန်နှင့်ကာကွယ်ရန် အဓိကအချက်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး အဆီနည်းသောအစားအစာသည် အသည်းအတွင်းရှိ အဆီနှင့်ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်ပြီး ပိုမိုပြင်းထန်သောအသည်းရောဂါကိုကာကွယ်နိုင်သည်။ အခြေခံအားဖြင့် ကယ်လိုရီလျှော့ချစားသောက်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အဆီစားသုံးမှုလျှော့ချခြင်း၊ အမျှင်ဓာတ်ကြွယ်ဝပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝသောအစားအစာများတိုးမြှင့်စားသောက်ခြင်းနှင့် အာဟာရသိပ်သည်းသောအစားအစာများကို ရွေးချယ်ခြင်းတို့ ပါဝင်ပါသည်။

ဆန်လုံးညို၊ အစေ့အဆန်များနှင့် ဂျုံလုံးပေါင်မုန့်ကဲ့သို့ ကာဗိုဟိုက်ဒရိတ်များသည် စွမ်းအင်ကိုပေးစွမ်းနိုင်ပြီး ငါး၊ ကြက်နှင့် ပဲအမျိုးမျိုးကဲ့သို့သော အဆီပိုမပါသော အပင်အခြေခံပရိုတင်းအရင်းအမြစ်များသည် အသည်းအတွင်းအဆီစုပုံခြင်းမရှိစေဘဲ အသည်း၏လုပ်ဆောင်ချက်ကို ထောက်ပံ့ပေးသည်။ သံလွင်ဆီ၊ ထောပတ်သီးနှင့် အခွံမာသီးများကဲ့သို့ Omega-3၊ Fatty acid နှင့် မိုနိုမပြည့်ဝဆီများသည် ကျန်းမာရေးနှင့်ညီညွတ်သောအဆီအရင်းအမြစ်များဖြစ်သည်။ မရှိမဖြစ်လိုအပ်သော ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို ပံ့ပိုးပေးရန် ရောင်စုံဟင်းသီးဟင်းရွက်မျိုးစုံကို စားသုံးရန်လိုအပ်သည်။ စပျစ်သီး၊ ဘလူးဘယ်ရီသီး၊ ပန်းသီး၊ သံပရာသီးနှင့် သစ်တော်သီးတို့သည် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်မှုမြင့်မားပြီး အသည်း၏သဘာဝအဆိပ်ထုတ်ခြင်းလုပ်ငန်းစဉ်များကို ပံ့ပိုးပေးနိုင်သောကြောင့် အသည်းကျန်းမာရေးအတွက် အထူးအကျိုးရှိကြောင်း တွေ့ရှိရသည်။ အသီးအနှံမျိုးစုံကို တစ်နေ့တာတွင် ကျန်းမာရေးနှင့်ညီညွတ်သော သရေစာများအနေဖြင့် အသည်းကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် မျှတစွာရွေးချယ်စားသုံးရန် လိုအပ်ပါသည်။

**အစားစားချိန်နှင့်အသည်းကျန်းမာရေး**

အစားစားချိန်သည် အသည်းကျန်းမာရေးကို သက်ရောက်မှုရှိသည်။ လေ့လာမှုများအရ မကြာခဏအစားစားခြင်း (ဥပမာ- တစ်နေ့လျှင် အစာသုံးနပ်နှင့် အဆာပြေသုံးကြိမ်)သည် အထူးသဖြင့် နံနက်စာသို့မဟုတ် နေ့လယ်စာမစားခြင်းထက်စာလျှင် အသည်းအဆီဖုံးနိုင်ခြေနည်းပါးကြောင်း တွေ့ရှိရသည်။ အစားအသောက်စားချိန်ပုံမှန်ရှိခြင်းသည် အသည်း၏လုပ်ဆောင်မှုကို ပိုမိုထိရောက်စွာကူညီပေးသည်။ တချို့သောသုတေသနပြုချက်များအရ နေ့စဉ်တိကျသော အစားစားချိန်ကို အာရုံစိုက်ခြင်းသည် အထောက်အကူဖြစ်နိုင်ပြီး အချိန်ကန့်သတ်စားသောက်မှုသည်လည်း ဆင်တူအကျိုးကျေးဇူးများရနိုင်သည်ဟု အကြံပြုထားသည်။ နံနက်စာဦးစားပေးခြင်း၊ နံနက်ခင်းတွင် တစ်နေ့တာကယ်လိုရီများများစားသုံးခြင်းသည် အသည်းအဆီဖုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

ညသန်းခေါင်မှ နံနက် ၄ နာရီကြားသည် ဇီဝဖြစ်စဉ်ထိန်းချုပ်မှုအတွက် အထူးအရေးကြီးသောအချိန်ဖြစ်သောကြောင့် အစားစားခြင်းကိုရှောင်ကြဉ်ပါ။ ညနှောင်းပိုင်းအစားစားခြင်းနှင့် အစားစားချိန်မမှန်ခြင်းတို့ကြောင့် ဇီဝဖြစ်စဉ်ကမောက်ကမဖြစ်၍ အဆီသိုလှောင်မှုတိုးမြင့်လာပြီး အသည်းအဆီဖုံးခြင်းနှင့်ဆက်စပ်သော အသည်းခြောက်ခြင်းဖြစ်နိုင်သည်။ နံနက်စာမစားဘဲမနေခြင်း၊ နေ့ခင်းဘက်တွင် ကယ်လိုရီပမာဏများများစားခြင်းနှင့် ညဥ့်နက်ချိန်အစားစားခြင်းကို ရှောင်ကြဉ်ခြင်းတို့သည် အသည်းအဆီဖုံးခြင်းကိုလျှော့ချပေးပြီး ဇီဝဖြစ်စဉ်ကျန်းမာရေးကို ကောင်းမွန်စေသည်။ မျှတသောအစားအစာများကို ပုံမှန်စားပါ။ အလွန်အကျွံစားသောက်ခြင်းကို ရှောင်ကြဉ်ပါ။

**ရှောင်ကြဉ်သင့်သောအစားအစာများ**

အသည်းအဆီဖုံးရောဂါရှိသူများသည် အသည်းအတွက် ကောင်းမွန်သောအစားအစာများကို သိရှိခြင်းအပြင် ကုသမှု၏ထိရောက်မှုကို လျော့နည်းစေသောအစားအစာများနှင့် အချိုရည်များကို ရှောင်ကြဉ်သင့်သည်။ တိရစ္ဆာန်အဆီများ၊ ပြည့်ဝဆီများ၊ အနီရောင်အသား၊ ကိုလက်စထရောများသောအစားအစာများနှင့် စပ်သောအစားအစာများသည် အသည်းမှတစ်ဆင့် ဇီဝဖြစ်စဉ်အဖြစ် စွန့်ထုတ်သဖြင့် ကိုယ်တွင်းအင်္ဂါများကို ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး အဆီစုပုံလာစေသောကြောင့် ရှောင်ကြဉ်သင့်ပါသည်။ Fructose သကြားကြွယ်ဝသောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် အဝလွန်ခြင်းနှင့် သွေးချို၊ဆီးချိုရောဂါဖြစ်နိုင်ခြေကိုတိုးမြင့်စေပြီး ကုသမှု၏ထိရောက်မှုကို လျော့ကျစေနိုင်သောကြောင့်ရှောင်ကြဉ်သင့်ပါသည်။ အရက်နှင့် ကဖင်းဓာတ်ပါသော အချိုရည်များသည် အသည်းအဆီဖုံးရောဂါရှိသူများအတွက် အန္တရာယ်ဖြစ်စေပြီး အသည်းခြောက်ခြင်း၊ အသည်းရောင်ခြင်းနှင့် အသည်းကင်ဆာကဲ့သို့ နောက်ဆက်တွဲပြဿနာများ ဖြစ်နိုင်ခြေကိုတိုးမြင့်စေသည်။

**လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း**

အလယ်အလတ်ပြင်းထန်သော လေ့ကျင့်ခန်းကို တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ခန့် ပုံမှန်ပြုလုပ်ခြင်းသည် အင်ဆူလင်အာရုံခံနိုင်စွမ်းကို တိုးတက်ကောင်းမွန်စေပြီး အသည်းအတွင်း အဆီစုပုံခြင်းကိုလျှော့ချစေနိုင်ပါသည်။

**အရက်သောက်ခြင်းကို ကန့်သတ်ခြင်း**

အသည်းအဆီဖုံးရောဂါရှိနေပါက အရက်ကိုလုံးဝရှောင်ကြဉ်ခြင်းသို့မဟုတ် အကန့်အသတ်ဖြင့်သာ သောက်သုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။

**ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း**

ပိုနေသောကိုယ်အလေးချိန်ကို လျှော့ချခြင်းသည် အသည်းကျန်းမာရေးကိုသိသိသာသာတိုးတက်စေပြီး အသည်းအဆီဖုံးရောဂါ၏ နောက်ဆက်တွဲဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**ရေဓာတ်ပြည့်ဝနေစေခြင်း**

အသည်း၏ အဆိပ်ထုတ်ခြင်းလုပ်ငန်းစဉ်များကို ပံ့ပိုးပေးရန်အတွက် တစ်နေ့တာလုံး ရေများများသောက်ပါ။ သကြားမပါသောဖျော်ရည်များ၊ သကြားမပါသော လက်ဖက်ရည်နှင့် ကော်ဖီသောက်ခြင်းသည် ရေငတ်ခြင်းကို ပြေပျောက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

**စိတ်ဖိစီးမှုကို စီမံခန့်ခွဲခြင်း**

နာတာရှည်စိတ်ဖိစီးမှုက အသည်းပျက်စီးမှုကို ဖြစ်စေသောကြောင့် စိတ်ပြေလျော့စေသော နည်းလမ်းများဖြင့် စီမံခန့်ခွဲရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အသည်းအဆီဖုံးရောဂါအတွက် အာဟာရဓာတ်ကြွယ်ဝသောအစားအစာများ၊ အသည်းနှင့်လိုက်ဖက်သော အသီးအနှံများကို မျှတသောပမာဏနှင့် အရွယ်အစားကို ရွေးချယ်စားသုံးခြင်းသည် အသည်းကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ သတိပြုရမည့်အစားစားချိန်၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံသည့်အလေ့အကျင့်များနှင့်အတူ ဂရုပြုနေထိုင်စားသောက်ခြင်းဖြင့် အသည်းအဆီဖုံးရောဂါကို ကောင်းစွာထိန်းချုပ်နိုင်ပြီး အသည်းပျက်စီးနိုင်ခြေကို လျှော့ချကာကွယ်ပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကျိုက်မရောမြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ဆုချီးမြှင့်ပွဲကျင်းပ



ကျိုက်မရော အောက်တိုဘာ ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၁ ရက်က ကျိုက်မရောမြို့ ဇေတဝန်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး မြစေတီကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက (၃၈) ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားသည်။

ယင်းနောက် ဗဟိုဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဒုတိယဥက္ကဋ္ဌ ဦးကြည်သိန်းက သာသနာရေးဆိုင်ရာများအား လျှောက်ထားတင်ပြပြီးနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ မြို့နယ်အဆင့်ပြိုင်ပွဲ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

# ခိုလမ်မြို့၊ မဟာဗောဓိပရဟိတကျောင်းတိုက်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိအောင်တော်မူစေတီတော်မြတ်ကြီး၏ အုတ်မြစ်တော်စီမင်္ဂလာပြုလုပ်



မဟာဗောဓိအောင်တော်မူစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာတွင် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်တာဝန်ရှိသူများက ရတနာအုတ်မြစ်များစီခြယ်ပူဇော်ကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ မဟာဗောဓိကျောင်းတိုက် အတွင်း၌ တည်ထားကိုးကွယ်မည့် **"မဟာဗောဓိအောင်တော်မူ"**စေတီတော်မြတ်ကြီး၏ ရတနာအုတ်မြစ်တော်စီမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရတနာအုတ်မြစ်တော်စီအခမ်းအနားကိုဖွင့်လှစ်ပြီးနောက် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တာဝန်ရှိသူများက မဟာဗောဓိကျောင်းတိုက်ဆရာတော်ထံ ရွှေအုတ်၊ ငွေအုတ်၊ ရတနာအုတ်များ ကပ်လှူကြပြီး ပရိတ်တရားတော်များနာယူကြသည်။

၎င်းနောက် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဦးဆောင်၍ တက်ရောက်လာကြသူများက **"မဟာဗောဓိအောင်တော်မူ"** စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာတွင် ရတနာအုတ်မြစ်များ စီခြယ်ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာနုနုလွင်<br>ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနေခြည်လွဲ့လွဲ့သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ၂၂-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံ၌ ICRC က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ကဝမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ကဝ အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် စက်စုကျေးရွာ စက်စုအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း က အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးဝေစံဦးက ကျောင်းသားလူငယ်များ ဗဟုသုတပြည့်ဝ ... ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန်၊ သိသင့်သိထိုက်သည့် အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် ကျောင်းစာအပြင်ပြင်ပဗဟုသုတစာများကို ဖတ်ကြရန် မူးယစ်ဆေးဝါးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဖြိုးဝေစံဦးနှင့်ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာတိုးပွားစေမည့် ရုပ်ပြပုံပြင်စာအုပ်များ ဖြင့်ပုံပြင်ပြောပြခြင်းဆောင်ရွက်ပြီး ကလေးများအသိပညာတိုးပွားရေး စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်း အသိပညာပေးနံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။ **အောင်ဖြိုးလင်း(ပြန်/ဆက်)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ် (၄၈) သင်တန်းဖွင့်



နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးက သင်တန်းသားများသည် မကြာမီကာလအတွင်း စာရင်းပညာရှင်များအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည့်သူများဖြစ်သဖြင့် သင်တန်းမှပို့ချမှုများကို အလေးအနက်ထား၍ သင်ယူကြစေလိုကြောင်း၊ ပညာရှင်နှင့်လျော်ညီသည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အရည်အချင်းများပြည့်ဝနေရန် လိုအပ်သည့်အပြင် နည်းပညာဆိုင်ရာတိုးတက်မှုများကိုလည်း အမြဲမပြတ်လေ့လာဆည်းပူးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းပညာကဏ္ဍမှ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်သည့် စာရင်းပညာရှင်များဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း ရန်ကုန် သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်တွင် အောက်တိုဘာလ ၂၅ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ Online ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကျင်းပမည်



ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို နိုဝင်ဘာလ ၃ ရက် ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပူဇော်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို စေတီတော်ရင်ပြင်တော်၌ ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်ရက်လုပ်၍ ရရှိလာသည့်မသိုးသင်္ကန်းများအား နိုဝင်ဘာလ ၄ ရက် အရုဏ်မတက်မီတွင် မြတ်စွာဘုရားရှင်အားရည်မှန်းကာ ကပ်လှူပူဇော်မည်ဖြစ်သည်။

ထို့နောက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြားကြ၍ ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်သည်။

အဆိုပါ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲသို့ မည်သူမဆိုလာရောက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း၊ မသိုးသင်္ကန်းအလှူနှင့် ဆွမ်းတော်ကြီးအလှူများတွင်လည်း ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၂၆၄၄၃၆ ၅၄၅၊ ၀၉-၂၆၁၄၀၈၁၆၆ နှင့် ၀၉-၅၁၄၈၉၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



ကျိုက်ထို အောက်တိုဘာ ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်က ကျိုက်ထိုမြို့ ပျဉ်းမစခန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (နောင်ဘို)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ရီက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးယုဝေက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ အသိပညာတိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ သဘာဝဘေးအန္တရာယ်နှင့် တွေ့ကြုံရပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်နှင့် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ကာ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၁ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(လသာကုန်း)နှင့် အခြေခံပညာမူလတန်းလွန်ကျောင်း (တိုက်ကြီးကုန်း)တို့၌ ကျင်းပသည်။

ရှေးဦးစွာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ၊ သဘာဝဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီးကာလများတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးသိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် ကလေးများဖတ်ရှုလိုသည့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



ညောင်တုန်း အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောဆိုချက်အရ သိရသည်။

ညောင်တုန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ လက်ရှိအချိန်အထိ ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ လက်ရှိတွင် တစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာ ၂၅၀၀ မှ ၃၅၀၀ အထိ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက်တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာဖြစ်ပါတယ်။ အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလည်း သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ဒေါ်ညိုညိုကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ရာသီပေါ်ဟင်းသီးဟင်းရွက်များထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းတို့ကြောင့် တောင်သူများအတွက် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

သုတကျော်

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း”စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၅)ဖြင့် ဆောင်ရွက်မည့် “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း” စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲ (Project Inception Workshop)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း : (Establishment of a Soybean Processing Plant through Research and Development for Cooking Oil and Soybean Meal Sufficiency in Myanmar)” စီမံကိန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ယခင်စီမံကိန်း၏ အောင်မြင်မှုအတွေ့အကြုံများအပေါ် အတွေ့အကြုံရယူ၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအသစ်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်းနီးပါးကို နိုင်ငံခြားငွေအမြောက်အမြားအကုန်အကျခံကာ တင်သွင်းနေရလျက်ရှိပြီး မွေးမြူရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ်ကိုလည်း နှစ်စဉ် မက်ထရစ်တန်ချိန်သုည ဒသမ ၆ သန်းခန့် ပြည်ပမှဝယ်ယူနေရကြောင်း၊ ဤလိုအပ်ချက်နှစ်ခုလုံးကို ပြည်တွင်းဖြစ်ထုတ်ကုန်များဖြင့် လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအပါအဝင် ယခုစီမံကိန်းသည် ပြည်တွင်းစွမ်းအား၊သုတေသနနှင့်နည်းပညာများဖြင့် ရင်ဆိုင်ဖြေရှင်းမည့် မဟာဗျူဟာမြောက်ချဉ်းကပ်မှုဖြစ်ကြောင်း၊ ဤစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ပဲပုပ်စိုက်ပျိုးရေးမှသည် တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သည့် စားသုံးဆီနှင့် ပဲပုပ်ဖတ်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင် တည်ဆောက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းအစီအစဉ်များကိုတင်ပြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ သုတေသီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ၏စွမ်းဆောင်ရည် မြှင့်တင်ရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) ၏ စီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ဟိုတယ်ဇုန်(၁)ရှိ တုံဂပူရီဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင်မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ရိုးရာသိုင်းပညာသင်ကြားခြင်းဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့အသုံးချထိန်းသိမ်းထားနိုင်ခြင်း၊ စည်းကမ်းကျင့်ဝတ်များနှင့်အညီ ခရီးသွားဧည့်သည်များအပေါ် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း စသည့်ဝန်ဆောင်မှုစွမ်းဆောင်ရည်ကောင်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ရိုးရာသိုင်းပညာရပ်ကို အခြေခံပြီး လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုကောင်းများပေးနိုင်ရေးအတွက်သာမက လာရောက်တည်းခိုနေထိုင်ကြမည့်ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ယုံကြည်မှုရရှိရေးကိုပါ ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဟိုတယ်များမှ ရောင်စုံမီးအလှဆင်ခြင်းတွင် ဆုရရှိကြသည့် ဟိုတယ်များကို ဆုများပေးအပ်ပြီး သင်တန်းဆင်းလုံခြုံရေးဝန်ထမ်းများ၏ သိုင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာ

ဇော်လင်း



**“နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရေးဟာ ပြည်ထောင်စုသားအားလုံးရဲ့ မွေးရာပါတာဝန်ဖြစ်တာကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြဖို့လိုတယ်။ တို့နိုင်ငံအတွက် အသက်တမျှအရေးကြီးတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို မောင်တို့၊ မယ်တို့က အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ အတူတကွပညာသင်ကြားရင်းနဲ့ ရင်ထဲမှာစွဲမြဲခံယူကြပြီးဖြစ်တယ်လို့လည်း ယုံကြည်တယ်။ ဒါကြောင့် မောင်တို့၊ မယ်တို့အနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများပီသစွာနဲ့ မိမိတို့တာဝန်ကျရာဒေသတွေမှာ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါလို့မှာကြားလိုတယ်။”**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၇)မှ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံရာတွင် မြွက်ကြားသည့် သြဝါဒအမှာစကားမှကောက်နုတ်ချက်ဖြစ်သည်။

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်သောနိုင်ငံဖြစ်သည်။ “မြန်မာ”ဟူသောဝေါဟာရသည် မျိုးနွယ်စုများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုအားလုံးကိုခေါ်ဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတော်အပေါ်ကျရောက်လာသည့် အခက်အခဲများကိုစုပေါင်းအားဖြင့် လက်တွဲတွန်းလှန်ကာကွယ်ခဲ့ကြသကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် သာယာဝပြောသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။ တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း အပြန်အလှန်လေးစားယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ နားလည်ခွင့်လွှတ်မှု၊ စည်းလုံးညီညွတ်မှုတို့သည် ပြည်ထောင်စု၏အသက်သွေးကြောပင်ဖြစ်သည်နှင့်အညီ အဆိုပါစိတ်ဓာတ်များ မွေးဖွားသန့်စင်ခဲ့သော၊ ပေါက်ဖွားရှင်သန်ခဲ့သောမြေဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၏ သမိုင်းကြောင်းကို အကျဉ်းမျှတင်ပြလိုသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သည် ၁၉၆၄ ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ “တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်သော ပညာရေးဝန်ထမ်းကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ရခြင်းတွင် ရည်ရွယ်ချက် ၅ ရပ်ရှိပြီး အဆိုပါရည်ရွယ်ချက် ၅ ရပ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်ဟူသော အချက်အပါအဝင်ဖြစ်သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားလူငယ်မောင်မယ်များအတွက် အဆင့်မြင့်ပညာများ ဆည်းပူးရာ ပြည်ထောင်စုကျောင်းတော်ကြီးဖြစ်သည်။ တိုင်းရင်းသားလူငယ်မောင်မယ်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လူမှုရေးကစ၍ နိုင်ငံတော်က လိုလေသေးမရှိ အခမဲ့တာဝန်ယူစောင့်ရှောက်ပေးထားသည်။ ကျောင်းအိပ်ကျောင်းစားဖြစ်ပြီး အိပ်ဆောင်တိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်ကြရသဖြင့် နေထိုင်ရာအသိုက်အဝန်းသည် ပြည်ထောင်စုလေးသဖွယ်ဖြစ်နေသည်။ အိပ်ဆောင်များအား တိုင်းရင်းသားမျိုးနွယ်စုနာမည်များ၊ တိုင်းရင်းသားများ၏အထင်ကရနေရာများဖြင့် မှည့်ခေါ်ထားသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ထူးခြားချက်သည် Guardian စနစ်ဖြစ်သည်။ Senior အစ်မကြီးက မွန်တိုင်းရင်းသူဖြစ်ကောင်းဖြစ်မည်။ Junior ညီမငယ်က ကရင်တိုင်းရင်းသူဖြစ်ကောင်းဖြစ်မည်။ မတူညီသောဓလေ့၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများမှ မောင်နှမအရင်း၊ ညီရင်းအစ်ကိုသံယောဇဉ်မျိုးဖြင့် တူညီသောတန်ဖိုးများကို မွေးဖွားပေးနိုင်ခဲ့သည်။

၎င်းတန်ဖိုးများသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေတည်ရာဖြစ်သည်။ Junior ညီငယ်ဖျားလျှင် Senior အစ်ကိုကြီး ညမအိပ်နိုင်တော့၊ Senior အစ်ကိုအလုပ်များလျှင် ဝိုင်းဝန်းကူညီပေးသူက Junior ညီငယ်ဖြစ်သည်။ အမုန်းတရားများမရှိ၊ နှိုင်းယှဉ်မှုများမရှိ၊ သံယောဇဉ်တရားများဖြင့် ခိုင်ကျည်ထားသော ပြည်ထောင်စုလေးတွင် သူတို့ရှင်သန်ပျော်ရွှင်စွာပညာဆည်းပူးကြသည်။ သူတို့တစ်တွေအား နည်းပေးလမ်းပြသွန်သင်ဆုံးမသူ ဆရာ၊ ဆရာမများသည်လည်း တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံက သူတို့၏ Senior အစ်ကိုကြီး၊ အစ်မကြီးများပင်ဖြစ်သည်။

ဤကျောင်းတော်ကြီးတွင် တိုင်းရင်းသားအသီးသီး၏ဘာသာစကား၊ ရိုးရာဓလေ့စရိုက်များအား သင်ကြားဖလှယ်ခွင့်ရရှိကြသည်။ မည်သည့်တိုင်းရင်းသား၊ တိုင်းရင်းသူဖြစ်စေ နှစ်သက်ရာတိုင်းရင်းသားဘာသာစကားကို သင်ယူနိုင်သည်။ တိုင်းရင်းသားရိုးရာဓလေ့စရိုက်များကို လေ့လာနိုင်သည်။ ရိုးရာဝတ်စုံများလဲလှယ်ကာ ဓာတ်ပုံရိုက်ကြသည်။ ရိုးရာမုန့်များတစ်လှည့်စီပြုလုပ်၍ မြိန်ရေရှက်ရေစားကြသည်။ သူတို့တစ်တွေသည် ပြည်ထောင်စုသားများဖြစ်ကြ၍ ဂုဏ်ယူဝင့်ကြွားကြသည်။ မြန်မာနိုင်ငံသားဖြစ်၍ ဂုဏ်ယူဝင့်ကြွားကြသည်။ “စည်းလုံးခြင်းသည်အင်အား”ဟူသည် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ဆောင်ပုဒ်ဖြစ်သည်။ သံယောဇဉ်တရားက စည်းလုံးညီညွတ်ရေးအားကို အလိုအလျောက်ရရှိစေသည်။

ဤကျောင်းတော်ကြီးတွင် သင်ကြားရေးဘာသာရပ်ဌာန ၂၁ ဌာနဖြင့် သင်ကြားပို့ချမှုဆိုင်ရာ သင်ရိုးညွှန်းတမ်း ဘာသာရပ်များ၊ အခြေခံဘာသာရပ်များ၊ ဝိဇ္ဇာဘာသာရပ်များ၊ သိပ္ပံဘာသာရပ်များ၊ တွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များနှင့် အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များ သင်ကြားကြရသည်။ အထူးတွဲဖက်သင်ရိုးညွှန်းတမ်းဘာသာရပ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ၊ တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်များပါဝင်သည်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဘာသာရပ်များ ပါဝင်သည်။ သို့သော် စည်းလုံးညီညွတ်ရေးဟု အတင်းတိုက်တွန်းနေစရာမလို၊ နှစ်ကာလများစွာ အတူတူနေထိုင်ရှင်သန်ခဲ့ကြသော ဤကျောင်းတော်သူ၊ ကျောင်းတော်သားများ၏သံယောဇဉ်သည် ရေကိုသား၍ ကြားမထင်ကဲ့သို့ရှိကြသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်က စားဝတ်နေရေး၊ ကျန်းမာရေးကစ၍ အစစအရာရာ လိုလေသေးမရှိထောက်ပံ့ပေးထားသည်။ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ရိက္ခာစိုင်ငွေများအပြင် ဝတ်စုံများအနေဖြင့် တိုက်ပုံ၊ ဆာဖာရီ၊ လည်ကတုံး၊ လုံချည်၊ ဘောင်းဘီ၊ ရင်ဖုံး၊ တီရှပ်၊ ဘောင်းဘီရှည်၊ လက်ဆွဲအိတ်၊ ညှပ်ဖိနပ်၊ ကင်းဘတ်၊ (လက်ရှည်)ဖိနပ်၊ ခြေအိတ်၊ အိပ်ရာပစ္စည်းများ၊ စာရေးကိရိယာများ၊ လစဉ်မုန့်ဖိုးစသည်ဖြင့် ကျောင်းသား၊ ကျောင်းသူများ လိုအပ်ချက်ကို ပြည့်မီစွာထောက်ပံ့ပေးထားသည်။

ထို့ပြင်သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးကြံ့ခိုင်ရေးအတွက် နေ့စဉ် ကြက်ဥ ၂ လုံး၊ နွားနို့ ၂၀ ကျပ်သားအပြင် ဂျုံဖြင့်ပြုလုပ်ထားသော အစားအစာကို တစ်ပတ်လျှင် ၅ ရက်နှုန်းဖြင့်ကျွေးမွေးရန် စီမံဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏စေတနာသည် ကြီးမားသကဲ့သို့ ဤကျောင်းသား၊ ကျောင်းသူများအပေါ် နိုင်ငံတော်မှမည်မျှအထိမျှော်လင့်ချက်ကြီးမားကြောင်း ပေါ်လွင်စေသည်။ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပြည်ထောင်စုကျောင်းတော်ဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကျောင်းတော်တွင် ပြည်ထောင်စုကြီးအတွက် အသက်ဝိညာဉ်သဖွယ်အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသောကြောင့်ဖြစ်သည်။ စာကိုသာမက စိတ်ကိုပါ သင်ကြားပေးသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနပညာရေးဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၅၀ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်ပညာဒီပလိုမာ ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာအတတ်သင်တန်း ၄၆၁ ဦး၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း ၄၄၃ ဦး စုစုပေါင်း ၁၄၅၁၄ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာ၊ ဆရာမများအဖြစ်သာမက ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ၊ သူနာပြု ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာအကြီးအကဲများလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုကြီး၏အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများသည် ကျောင်းသားဟောင်းများအသင်းဟူ၍ ဖွဲ့စည်းထားရှိသည်။ ကျောင်းသားဟောင်းများသည် သူတို့အားမွေးဖွားရှင်သန်စေခဲ့သော ကျောင်းတော်ကြီးကို နှစ်စဉ်နှစ်တိုင်း အလွမ်းပြေလာကြည့်သည်။ သူတို့စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများအောက် အရိပ်ခိုကြသည်။ ရောက်ရှိလာကြသော တိုင်းရင်းသား၊ တိုင်းရင်းသူကျောင်းသားဟောင်းကြီးများအချင်းချင်း လက်တွဲ၍

စာမျက်နှာ ၁၃ သို့➤

➤ စာမျက်နှာ ၁၂ မှအဆက်

ခေတ်ပုံရိုက်ကြသည်မှာ အလွန်လှပကြည်နူးဖွယ်ရာမြင်ကွင်း ဖြစ်သည်။ သူတို့တစ်တွေသည် သူတို့ချစ်သော ပြည်ထောင်စု ကျောင်းတော်ကြီးကို ပြန်လည်စောင့်ရှောက်ကြသည်။ တစ်နည်း အားဖြင့် သူတို့ချစ်သော ပြည်ထောင်စုကြီးကို လက်ချင်းချိတ် ကာကွယ်စောင့်ရှောက်ရင်း မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေပေးကြသည်။ သူတို့တစ်တွေ၏လက်ဆင့်ကမ်းအမွေများကို သယ်ဆောင်ရင်း ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူ ၁၈၄ ဦးသည်လည်း သူတို့ကဲ့ တို့ပင် နိုင်ငံတော်၏တာဝန်ကို ကျရာကဏ္ဍအသီးသီးတွင် ထမ်းဆောင်ရင်း ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြ ပါတော့မည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ၏ သြဝါဒခံယူပွဲတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကရင်တိုင်းရင်းသားကျောင်းသားတစ်ဦးမှ ဂါရဝပြုတင်ပြခဲ့ပါသည်-

- သားတို့အနေနဲ့ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမယ်၊
- သားတို့အနေနဲ့ နိုင်ငံ့သားကောင်းများပီသစွာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေမှာ တတ်စွမ်းသလောက် ပါဝင်ဆောင်ရွက်သွားပါမယ်၊
- တာဝန်ကျရာဒေသတွေမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း ဆောင်ရွက်သွားပါမယ်၊
- မကြာခင်ကာလမှာ ကျင်းပပြုလုပ်မယ့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ သားတို့အနေနဲ့ ကိုယ်စွမ်းရှိသမျှ ပူးပေါင်း ဆောင်ရွက်သွားမယ်လို့ ကတိပြုပါတယ်ခင်ဗျာ။

အမိနိုင်ငံတော်ကြီးအတွက် မျိုးဆက်သစ်တိုင်းရင်းသား လူငယ်များ၏အားရကျေနပ်စရာ ကတိကဝတ်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုကြီး၏ပြည်ထောင်စု ကျောင်းတော်ကြီးဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ မွေးဖွားသန့်စင်ပေးလိုက်သော ကျောင်းဆင်း တိုင်းရင်းသားလူငယ်မောင်မယ်များသည် နိုင်ငံ့ အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးစီးပွားအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း၊ လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ရင်း၊ ပြည်ထောင်စုကြီးကို ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏လက်များဖြင့် ကာကွယ် စောင့်ရှောက်ကြမည့်ပုံရိပ်များကိုမြင်ယောင်လျက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုရေးသားလိုက်ပါ သည်။ ။

# တန်ဖိုးရှိလှ လူ့ဘဝ

❖ တွေးခေါ်ယူဆ၊ ကိုယ့်ဝါဒနှင့်
ဘဝတစ်ခု၊ ရှင်သန်မှုမှာ
အတုအစစ်၊ ပုံရိပ်သစ်ကို
ထုဆစ်ပုံဖော်၊ ကောက်ကြောင်းပေါ်အောင်
ရှုမျှော်သုံးသပ်၊ လောကခေတ်ကို
စွဲမှတ်မမှား၊ ဉာဏ်စွမ်းအားနှင့်
အမှားကိုရှောင် အမှန်ဆောင်။

❖ အယူဝါဒ၊ လွဲမှားကြလျှင်
သုခနှင့်ဝေး၊ စိတ်မအေးဘဲ
ပူဆွေးသောက၊ ဗျာပါဒနှင့်
ဘဝရှုခင်း၊ သုညကြွင်း၍
ရင်တွင်းခံစား၊ မှားလေပြီးဟု
ကိုယ့်အားရှုမြင်၊ အပြစ်တင်ကာ
နောင်တွင်နောင်တ ဆိုလေစွ။

❖ သြော် . . .
အသိတရား၊ သတိထား၍
ကိုယ့်အားကိုယ့်မာန်၊ ပညာဉာဏ်နှင့်
ဝေဖန်ပိုင်းခြား၊ မုဒိတာပွားလျက်
အများအကျိုး၊ ထမ်းရွက်ပိုး၍
တန်ဖိုးရှိလှ၊ လူ့ဘဝကို
လှပကြော့ရှင်း၊ ဖြူစင်ခြင်းဖြင့်
ချစ်ခြင်းဖွဲ့ကာ ရှင်သန်နိုင်ကြပါစေ။ ။

**ဝိုင်းမောင်(မာန်အောင်)**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်းဖွင့်



ပဲခူး အောက်တိုဘာ ၂၂

ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှု လယ်ယာသင်တန်းကျောင်း၌ အောက်တိုဘာလ ၂၁ ရက်နံနက်ပိုင်းတွင် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်းအမှတ်စဉ်(၃/၂၀၂၅-၂၀၂၆)သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးသင်တန်း ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် က လိုအပ်သည်များမှာကြားပြီး သင်တန်း သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားကာ သင်တန်း၌ စာတွေ့သင်ကြားမည့်ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ လက်တွေ့သင်ကြားပြသမည့် လယ်ယာသုံးစက်ကိရိယာများအား လှည့် လည်ကြည့်ရှုကြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး)တောင်သူ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ၄၀ ဦးတို့အား သင်တန်းကာလ နှစ်လကြာ လက်သုံးကိရိယာ၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ထွန်စက်ကြီး ထွန်ယက်ကိရိ ယာများ၏ အခြေခံသဘောတရားနှင့် ထွန်ယက်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရ သည်။

ဥဿာတိုင်းသား

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာ သီရိမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများ တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် နိုင်ရေးအတွက်လိုက်လံ၍ အသိပေးနှိုးဆော် ခြင်းကို အောက်တိုဘာလ ၂၁ ရက်ညနေပိုင်း တွင်ဆောင်ရွက်သည်။

ထိုသို့အသိပေးနှိုးဆော်ရာတွင် ဇေယျာ သီရိမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက အောင်ဇေယျာရပ်ကွက်နှင့် သက်နှင်းအင်းကျေးရွာအုပ်စုမှ ကျေးရွာ များသို့သွားရောက်ပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက် များ၊ အရေးပေါ် မီးသတ်တယ်လီဖုန်းနံပါတ် များဖြန့်ဝေပေးခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက် များ၊ ထင်းမီးနှင့်လျှပ်စစ်မီးသုံးစွဲသူများ အထူးလိုက်နာရမည့်အချက်များနှင့် သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအချက် များကို အသိပေးနှိုးဆော်ကြကြောင်း သိရ သည်။

(၄၁၃)၊ နေကိုထိုက်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃ - ၁၀ -၂၀၂၅(ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၆။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၂။ ၀၈:၀၀ မောင်မယ်လေးများ သီစေချင် | ၇။ ၁၆:၀၀ စာပေနှင့် အနုပညာသတင်း |
| ၃။ ၀၉:၀၀ ကျန်းမာသုတ | ၈။ ၁၈:၅၀ စိုက်ပျိုးသုတ |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၉။ ၁၉:၀၀ (၃၈) မြာမင်္ဂလာ နိမ္မနသဏ္ဍိကိရိယာစ |
| ၅။ ၁၁:၀၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ | |

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ❒ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ❒ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- ❒ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၅°C |
| ရန်ကုန် | ၂၃°C | / | ၃၄°C |
| မန္တလေး | ၂၅°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး




နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ်မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်နုမြဖံနှင့် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၂၂**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ရှိ ကျောင်းသား၊ ကျောင်းသူများ၏ Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက Project ပေါင်း ၄၇ ခုဖြင့် ပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြောင်း သိရသည်။



အဆိုပါ Project Show ပြပွဲနှင့်ပြိုင်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများက တက်ရောက်အားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏စာတွေ့နှင့်လက်တွေ့ပေါင်းစပ်သည့် Project-based Learning ၏ ရလဒ်များဖြစ်သည့် စွမ်းရည်နှင့်တီထွင်ဖန်တီးမှုကို ပြသသော Hardware Project ရှစ်ခု၊ Software Project ၃၉ ခု စုစုပေါင်း Project ၄၇ ခုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကာ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ စိတ်ကူးစိတ်သန်း၊ ကြိုးစားအားထုတ်မှုနှင့် တီထွင်ဖန်တီးနိုင်မှုတို့ကို မေးမြန်းကြည့်ရှုလေ့လာပြီး နှစ်သက်ရာ Project များကို မဲပေးကြသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ပါမောက္ခချုပ်က Project Show 2025 ပြပွဲ၊ ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်ထံ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ကရင်ပြည်နယ်ကွန်ပျူတာအသင်းဥက္ကဋ္ဌတို့က Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲတွင် Software Project ပထမ၊ ဒုတိယ၊ တတိယနှင့် ပရိသတ်ရွေးချယ်သည့် People Choice Award ဆု၊ Hardware Project ပထမ၊ ဒုတိယ၊ တတိယနှင့်ပရိသတ်ရွေးချယ်သည့် People Choice Award ဆုများနှင့် အထူးဆုများကို ပေးအပ်ချီးမြှင့်ကာ ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်းသိရသည်။


**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၁၀-၂၀၂၅

| | | | | |
|---|---|---|---|---|
| လော | ၁ | ဒသမ | ၉၇ | လက်မ |
| ညောင်တုန်း | ၁ | ဒသမ | ၅၆ | လက်မ |
| ပန်းတနော် | ၁ | ဒသမ | ၃၉ | လက်မ |
| ဖျာပုံ | ၁ | ဒသမ | ၂၁ | လက်မ |
| ဘိုကလေး | ၁ | ဒသမ | ၀၁ | လက်မ |
| လယ်ဝေး | ၀ | ဒသမ | ၇၆ | လက်မ |
| အိမ်မဲ | ၀ | ဒသမ | ၅၉ | လက်မ |
| မိုင်းယန်း | ၀ | ဒသမ | ၄၃ | လက်မ |
| ဒေးဒရဲ | ၀ | ဒသမ | ၃၉ | လက်မ |
| ကွမ်းခြံကုန်း | ၀ | ဒသမ | ၃၆ | လက်မ |

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာ ဖိုရမ်တက်ရောက်ရန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Oil & Gas Exploration and Development Corporation (CNODC) ဧည့်ခန်းမဆောင်၌ CNODC ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အလားအလာ ကောင်းမွန်သော ကမ်းလွန်လုပ်ကွက်များတွင် နှစ်ဖက်အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကဏ္ဍများတွင် သင်တန်းများစေလွှတ်၍ သင်ယူလေ့လာရေး၊ နှစ်ဖက်နီးကပ်စွာထိတွေ့ဆက်ဆံနိုင်ရေးအတွက် Working Group များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာစေရေးအတွက် လိုအပ်သည့် အကူအညီဖြည့်ဆည်းပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် Canadian Foresight Group (CFG) နှင့် China Oilfield Services Limited (COSL) တို့၏ဥက္ကဋ္ဌများ ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး နှစ်ဖက်အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်တွင် တူးဖော်ရေးဆိုင်ရာကိစ္စရပ်များ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် CNPC ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Petroleum Corporation (CNPC) ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသော ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုလာရောက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို သွယ်တန်းထားပြီးဖြစ်သည့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း ပို့လွှတ်သယ်ဆောင်နိုင်ရေး၊ ကမ်းလွန်လုပ်ကွက်အသစ်များကို လေ့လာပြီး ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့်အဝ အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်းတွင်းပိုက်လိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုနိုင်ရန်အတွက် အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများတွင် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ ရေနံချက်စက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်းများအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိနိုင်ရေး၊ ပိုက်လိုင်းလုံခြုံရေးနှင့် ပိုက်လိုင်းတစ်လျှောက် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည်သံပုရာကန်ရေနံချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် Sino-pipeline International (SPI) ကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အလုပ်သဘော နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

ထိုသို့ သုံးဆောင်စဉ် ရေနံချက်စက်ရုံ အသစ်စီမံကိန်းအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်နိုင်ရန် ပိုက်လိုင်းများ သွယ်တန်းနိုင်ရေး၊ ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန်အတွက် ကနဦးဆန်းစစ်ခြင်းများကို လျင်မြန်စွာ စတင်ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စွမ်းအင်ကဏ္ဍဆိုင်ရာအဖွဲ့များမှ အကြီးအကဲများက လာရောက်တွေ့ဆုံကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံတည်ဆောက်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ကျောက်မီးသွေးမှ ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်အမျိုးမျိုးအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဆောင်ရွက်နိုင်မည့် အခြေအနေကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် ဘူမိရူပစူးစမ်းလေ့လာရေးနှင့် ရေနံရှာဖွေရေးပစ္စည်းများထုတ်လုပ်သည့် BGP ကုမ္ပဏီသို့ သွားရောက်၍ 3D Seismic ကို အသုံးပြုပြီး လက်တွေ့တိုင်းတာဆောင်ရွက်မှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးနည်းပညာများ၊ Seismic တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပြည်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုပြိုင်ပွဲများကျင်းပ

ပြည် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ယမန်နေ့က ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ပြည်မြို့နယ် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ၁၃ ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့် ၂၅ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ၁၁ ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့် ၂၂ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့် ၂၉ ဦးနှင့် ပုံပြောပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့် ၃၅ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။


ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# အားကောင်းသောအပူပိုင်းမုန်တိုင်း"ဖန်ရှန်" နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်

Japan Meteorological Agency (JMA) မှ အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"(FENGSHEN) လမ်းကြောင်းပြပုံ






နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်" (FENGSHEN) သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ (Da Nang) ၏ အရှေ့မြောက်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အဆိုပါအားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်" သည် ယနေ့ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၁၇ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၀ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါအားကောင်းသောအပူပိုင်းမုန်တိုင်း"ဖန်ရှန်"သည်အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထိုမှတစ်ဆင့် အောက်တိုဘာလ ၂၄ ရက်နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများမှတစ်ဆင့် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့မြန်မာစံတော်ချိန် ဝဝ နာရီ ဝ၁ မိနစ် ၃၉ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ-အရှေ့တောင်ဘက် ၂၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ မြောက်-အနောက်မြောက်ဘက် ၂၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ဝဝ ဒီဂရီ၊ အနက် ၁၇၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကောဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကောဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးမင်းမင်းတို့ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုဗိုစီဗစ်ဒေသဆိုင်ရာယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးရုံးနှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ထားသောလူနာများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်ရောဂါလူနာများအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူနိုင်ရန် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့်နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသောလူနာနှင့် အလှူရှင်များကို တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်များပေးအပ်သည်။

ထို့နောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများအား တွေ့ဆုံအားပေးကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များမှာကြားသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာလ ၁၆ တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နေ အသက် ၃၁ နှစ်ရှိ အမျိုးသားကျောက်ကပ်လူနာနှင့်ကျောက်ကပ်အလှူရှင် အစ်ကိုတော်စပ်သူ အသက် ၄၃ နှစ် အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ကြာမြင့်ခဲ့သည်။

တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာလ ၁၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နေ အသက် ၃၁ နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသမီး (သားဖွားဆရာမ)နှင့် ကျောက်ကပ်အလှူရှင် မိခင်တော်စပ်သူ အသက် ၅၂ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှစတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ခွဲစိတ်ကုသမှုပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီခွဲကြာမြင့်ခဲ့သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ်



ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့်ကျောက်ကပ်အလှူရှင်လေးဦးတို့၏ ခွဲစိတ်ပြီးကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင်ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ပထမအကြိမ် ကျောက်ကပ်အစားထိုးကုသမှုဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာသဇင်ခိုင်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာမျိုးသန်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာရည်ရည်ခိုင်၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာငုဝါဝါမင်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာကြည်ကြည်စန်းတို့ပါဝင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာစန်းစန္ဒာခင်နှင့်တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းတို့ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်ဝင်းထွန်း၊ အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမိမိခိုင်တို့ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာခိုင်ရွှေဝါ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့်သူနာပြုများ၊သူနာပြုကြီးဒေါ်ခင်ထားဝင်း၊သူနာပြုကြီးဒေါ်သက်ဆု၊ သူနာပြုကြီး ဒေါ်ဥမ္မာလွင်တို့ ဦးဆောင်သော ခွဲစိတ်ခန်းသူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင်တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိအမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၃၂၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ဆရာ၊ ဆရာမ ၁၂၅ ဦးအတွက်ကျောင်းဝတ်စုံများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ရှိ ဒေသခံ တိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ ဆောင်ရွက်ပေးစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**❒ ကျောဖုံးမှအဆက်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိအမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၆၀၇ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၇၁၉ ဦး ရှိပြီဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့်ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကျောင်းအပ်နှံသည့်ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများက ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း





နေပြည်တော် အောက်တိုဘာ ၂၂

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂ ရက်မှအောက်တိုဘာလ ၂၂ ရက်အထိ ကြာမြင့်ခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လေ့ကျင့်ရေးဆိုင်ရာများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များမှာကြားပြီး တက္ကသိုလ်၌ ဖွင့်လှစ်ဆဲသင်တန်းများ၏ စာသင်ခန်းမများသို့ သွားရောက်စစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ်စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၀၄) နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၄)တို့၏ သင်တန်းဆင်းစစ်ရေးပြလေ့ကျင့်နေမှု၊ တက္ကသိုလ်ပင်မရုံးဆေးသုတ်ခြင်းလုပ်ငန်းနှင့် သင်တန်းသားအိပ်ဆောင်၊ စစ်တောင်းဆောင် အကြီးစားပြင်ဆင်နေမှုအခြေအနေများ၊ သင်တန်းရိက္ခာအတွက် ရာသီသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများ၊ ဥစားကြက်နှင့် အသားစားကြက်မွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် စိန်ပန်းဆောင်၌ အရာထမ်းလောင်း (အထူး)သင်တန်းအမှတ်စဉ်(၁၅)မှ သင်တန်းသူများနှင့်အတူ ညနေစာ သုံးဆောင်သည်။

ထို့နောက် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Pawsan rice draws large number of customers in Pathein Township

PATHEIN October 22

Strong demand for Pawsan rice is driving good trade in Pathein Township, Ayeyawady Region, according to Daw Thuzar Win, a local rice and paddy market operator.

The Pathein rice and paddy trading market has seen a strong demand for Pawsan since the first week of September this year, and trading is good. The strong demand for Pawsan rice is due to the local market.

"The demand for Pawsan rice is now stronger than other rice in the local market. People have been buying it since the first week of this month. The Yangon market is also buying Pawsan rice and trading is good. Local demand is also due to the resumption of businesses related to the local rice industry. With the good trading, people who have stored rice and paddy are mainly comfortable," she said.

At the Pathein Township rice and paddy market, the price of 24-pyi Pawsan rice is up to Ks-124,000 per bag. **SK**



## Kalewa Township plans to grow more than 2,000 acres of vegetables

KALEWA October 22

Local farmers will place more than 2,000 acres of croplands under vegetables in coming cold season this year in Kalewa Township of Sagaing Region, according to the statistics of Kalewa Township Agriculture Department.

During the 2025–2026 winter crop season, 2,172 acres of vegetables are earmarked for cultivation in Kalewa Township, with planting scheduled from October to December this year.

"In Kalewa Township this coming winter crop season, more than 2,000 acres of vegetables are planned for cultivation. These include mustard, chili, coriander, potato, cabbage, eggplant, and cauliflower," said U Myo Naing, Head of the Kalewa Township Department of Agriculture.

This year, the Township Department of Agriculture is conducting training programs to help vegetable farmers cultivate under the GAP system, ensuring the produce meets health standards, and supporting farmers to expand their vegetable cultivation.

In Kalewa Township, a variety of seasonal vegetables are grown every year, bringing farmers successful harvests and household income. The Township Department of Agriculture is also providing awareness to farmers on proper cultivation practices, pest prevention, and the use of organic fertilizers, biopesticides, and natural repellents. **SK**

## Farmers prepare to grow more than 3,000 acres of vegetables in Mingin Township

MINGIN October 22

Mingin Township Agriculture Department stated that local farmers will grow more than 3,000 acres of vegetables as cold season crops in Mingin Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 3,902 acres of vegetables in Mingin Township, with planting scheduled to take place from October to December this year.

The Township Agriculture Department is conducting training sessions for vegetable farmers this year to enable cultivation under GAP methods, providing knowledge to ensure that vegetables harvested from farms are safe and healthy for consumers, and encouraging farmers to expand vegetable cultivation.

Vegetables are grown seasonally in Mingin Township every year, and farmers are achieving success and earning household income from these crops. The Township Agriculture Department is also providing awareness on proper cultivation practices, pest prevention, and the use of natural fertilizers, organic pesticides, and bio-insect repellents to support sustainable farming. **SMK**

## Pwintbyu Township starts harvest of sunflower plantations



PWINTBYU October 22

Local farmers started harvest of rain-fed sesame plantations in Pwintbyu Township of Magway Region in the first week of September this year, yielding 19.30 baskets per acre of sesame, according to the Township Agriculture Department.

In Pwintbyu Township, sunflower, an oil crop, was cultivated on 1,120 acres during this year's monsoon crop season. Local farmers began harvesting the monsoon sunflower fields in the first week of September, and so far, 80 acres have been harvested. The yield has reached 19.30 baskets per acre.

Farmers in Pwintbyu Township rely on sunflower cultivation in both the monsoon and winter seasons, as it requires relatively low production costs while providing higher returns. This year, the Township Agriculture Department supported monsoon sunflower growers through farmer education programs, including guidance on improving yields, pest and disease prevention, the use of quality and pure seed varieties, and achieving optimal plant density. As a result, monsoon sunflower cultivation in the township has been successful.

If sunflower is cultivated with higher yields, it will not only meet local cooking oil needs but also generate income through surplus sales, thereby improving livelihoods and contributing to socio-economic development. Therefore, expansion of sunflower cultivation should be pursued across different regions, Daw Moe Moe Wai added. **SMK**

# Kalay District to plant more than 15,000 acres of green gram in coming cold season

KALAY October 22

According to Kalay District Agriculture Department, local authorities have earmarked cultivation of 15,650 acres of green gram in Kalay District of Sagaing Region in coming cold season this year.

For the 2025–2026 winter cropping season, a total of 15,650 acres of green gram will be cultivated in Kalay District, according to township-level plans. This includes 13,660 acres in Kalay Township, 600 acres in Kalewa Township, and 1,390 acres in Mingin Township. Cultivation will take place from October to December this year.

"This year, over 15,000 acres of green gram are planned for cultivation in Kalay District during the winter cropping season. We will work to ensure that the target acreage is fully cultivated. Green gram cultivation has been improving year by year. To expand cultivation, awareness programs will be provided, and farmers will be encouraged to use quality and pure seeds to achieve good yields," said U Aung, Head of the Kalay District Agriculture Department.

This year, township agriculture departments in Kalay District will provide green gram farmers with awareness on selecting quality and suitable seeds, ensuring seed purity, applying proper cultivation methods, preventing pest infestation, using fertilizers systematically, and improving yields.



During the monsoon cropping season this year, collaboration with farmers has already been carried out to promote good yields and quality in pulses cultivation through the use of quality and pure seeds, provision of inputs, and dissemination of post-harvest techniques.

**SMK**

# More than 3,000 acres of sweet corns cultivated in Sagaing Township

SAGAING October 22

Local farmers have planted sweet corns on 3,277 acres of croplands in Sagaing Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025–2026 monsoon crop season, 6,496 acres of sweet corn are planned for cultivation in Sagaing Township. Planting began in June this year, and as of today, 3,277 acres have already been cultivated.

"In Sagaing Township this monsoon season, more than 6,000 acres of maize and sweet corn are planned for cultivation. So far, over 3,000 acres have been planted. Efforts are being made to meet the target acreage. To ensure successful maize cultivation, we are providing awareness training and guidance to prevent pest and disease outbreaks," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture is conducting training courses and field demonstrations for farmers cultivating maize and sweet corn, as well as awareness programmes on pest prevention, integrated pest management (IPM), and the proper use of pesticides for stalk borer, armyworm, and aphid control.It is learned that in Sagaing Township, maize yields over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre, while sweet corn yields about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre.

**SK**

# Kyaukmyaung Sub-Township to plant more than 13,000 acres of winter sesame



KYAUKMYAUNG October 22

Local authiorities have earmarked cultivatiion of 13,125 acres of winter sunflower in Kyaukmyaung Sub-Township of Sagaing Region in coming cold season.

During the 2025–2026 winter crop season, 13,125 acres of winter sesame are planned for cultivation in Kyaukmyaung Sub-Township, with planting scheduled from October to December this year.

"In Kyaukmyaung Sub-Township, more than 10,000 acres of winter sesame are targeted for this year's crop season. Efforts will be made to achieve the full targeted acreage. Sesame cultivation has been increasing year by year. Compared to the monsoon, sesame is cultivated mainly in the winter season. As an oilseed crop, sesame is in a successful position," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Township Agriculture Department will provide awareness programs for monsoon sesame farmers in Kyaukmyaung Sub-Township on expanding sesame cultivation, applying proper cultivation methods, practicing GAP techniques, using quality and pure seeds, and adopting high-yield varieties.

Crops cultivated under GAP standards are of higher quality, can fetch better prices, and are marketable not only domestically but also for export. As a result, farmers practicing GAP cultivation will gain higher incomes, contributing to improvements in their socio-economic livelihoods.

**SK**

# YeU Township to plant over 20,000 acres of black gram this year

YEU October 22

Based on data of YeU District Agriculture Department, local farmers will grow more than 20,000 acres of black gram as cold season crops in YeU Township of Sagaing Region this year.

During the 2025–2026 winter crop season, 20,755 acres of black gram are planned for cultivation in YeU Township, with planting scheduled to take place from October to December this year.

"In YeU Township this coming winter crop season, more than 20,000 acres of black gram are planned for cultivation. Efforts will be made to ensure the target acreage is achieved. During the planting period, necessary technologies, quality seeds, and pest and disease control methods will be provided through field visits," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, the Township Department of Agriculture will provide farmers cultivating black gram with awareness on using quality and locally suitable varieties, maintaining pure seed quality, applying correct cultivation practices, preventing pest infestations, and using fertilizers systematically to ensure good yields.

During this year's monsoon crop season, the Township Department of Agriculture has been working with farmers growing various pulses to ensure higher yields and better quality through the use of quality seeds, inputs, and technical guidance on post-harvest management.

**SMK**

# Kremlin shrugs off rumors, highlights huge prep effort for Putin-Trump Summit



MOSCOW October 22

The date for the meeting between Russian President Vladimir Putin and US President Donald Trump has not been set, it is yet to be determined, Kremlin spokesman Dmitry Peskov said on Wednesday.

On Tuesday, Trump would not confirm any shelving of his meeting with Putin in Budapest, telling reporters he prefers to avoid a "wasted meeting" and will monitor developments.

"The date, in fact, has not been set, it remains to be determined, but thorough preparation is necessary before then, and this takes time," Peskov told reporters.

According to the official, the meeting was held at the leaders' "mutual desire", as neither Trump nor Putin wished to waste time.

**Sputnik**

# Another French museum robbed – media

PARIS October 22

Another museum in France has suffered a break-in, Franceinfo reported on Wednesday. A day after a high-profile jewelry heist at the Louvre, nearly 2,000 prized coins were reportedly stolen from the Denis Diderot House of Enlightenment in the northeastern town of Langres.

The case adds to a series of major museum thefts in the country in recent months, prompting an outcry from opposition politicians over the government's handling of cultural heritage security.

The gold and silver coins were reported stolen on Monday morning after museum staff discovered a broken front door and a shattered display case. The hoard reportedly included 1,633 silver and 319 gold coins from the 18th and 19th centuries, with an estimated value of around 90,000 (US$-104,000). The stolen items were part of the museum's "treasure" collection, unearthed by construction workers during building renovations in 2011.

According to the local mayor's office, as cited by the news outlet, the break-in appeared premeditated and targeted, with only selected valuables taken while other objects were left untouched. Local authorities have reportedly tasked a private security company with providing overnight surveillance of the site while the security system at the temporarily closed museum is being upgraded.

The Langres incident follows two other major museum thefts in France this month. On October 16, gold nuggets worth 1.5 million were stolen from the National Museum of Natural History in Paris. On October 19, eight pieces of Napoleonic-era jewelry were taken in a daylight break-in at the Louvre.

The Louvre heist triggered sharp criticism of museum leadership. Director Laurence Des Cars faced accusations of prioritizing diversity over security experience in her staffing decisions.

Marion Marechal, a European Parliament member and niece of Marine Le Pen, said France had become the "laughingstock of the world" following the "ridiculous theft," calling for the immediate resignation of Des Cars and the museum's security chief Dominique Buffin, whom she claimed had been appointed as part of a feminization policy.

Jordan Bardella, the president of National Rally, branded the heist at the world's most visited museum an "intolerable humiliation," calling it reflective of "the decay of the state."

**RT**



# The Louvre reopens three days after jewelry theft

PARIS October 22

The Louvre Museum reopened to visitors on Wednesday morning, three days after a jewelry theft that caused extensive losses.

The museum said the Apollo Gallery, where Sunday's theft occurred, remains closed.

Eight pieces of the French crown jewels kept at the Louvre were stolen on Sunday by four burglars who remain at large. About 100 investigators have been mobilized to track down the suspects and recover the stolen works.

**Xinhua**

# Lassa fever death toll in Nigeria climbs to 172

ABUJA October 22

The death toll from the Lassa fever outbreak in Nigeria, Africa's most populous country, has risen to 172 since the beginning of this year, public health authorities said Wednesday.

The Nigeria Center for Disease Control and Prevention (NCDC) said in its latest update that 924 confirmed cases out of 8,041 suspected cases were reported between January and October across 106 local government areas in 21 of the country's 36 states.

The agency said the case fatality rate stood at 18.6 percent, higher than the 17 percent recorded during the same period in 2024. It attributed the rise in deaths to "late presentation of cases and poor health-seeking behavior among residents of high-burden communities."

The worst-hit states are Edo, Ebonyi, and Ondo in the south, and Bauchi and Taraba in the north, accounting for more than 90 percent of all confirmed cases. Ondo alone represents 35 percent of the total number of confirmed cases, according to the NCDC.

It said the predominant age group affected was 21 to 30 years, with a male-to-female ratio of 1:0.8.

The public health agency said poor sanitation, limited awareness in high-burden communities, and delayed treatment continue to exacerbate the outbreak. A multi-sectoral incident management system has been activated to coordinate a nationwide response.

Lassa fever, an acute viral hemorrhagic illness, is primarily transmitted through food or household items contaminated with rodent urine or feces. Human-to-human transmission can also occur through direct contact with the blood, saliva, urine, or excreta of infected individuals.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# Why China Is Quietly Winning At EV Battery Recycling

The world needs to get electric vehicle battery recycling right. Those cells are complicated to recycle, and the goal is not to simply dispose of them once they are spent. Ideally, we want to recover as much as possible of the materials that go into their construction, so that they can be reused.

This has so far proved a challenge around the world, but now certain companies from China say they are able to retrieve up to 99.6 percent of the nickel, manganese, and cobalt that goes into EV batteries. If verified, that's a remarkable achievement, and it surpasses the level the European Union plans to reach after the end of the decade and at much lower recycling volumes. (Nickel-manganese-cobalt, or NMC, is the most common type of lithium-ion battery among today's long-range EVs.) The report was first highlighted by Car News China.

China is a global leader in both EV battery production and recycling. It recently implemented new stricter EV battery recycling standards and is also pushing for global adoption of these standards. When China's Ministry of Industry and Information Technology (MIIT) first proposed these standards in 2019, it specified that 85 percent of the lithium that goes into these batteries should be recovered, but this was increased to 90 percent in 2024. Other reports indicate researchers in China are making big breakthroughs in this arena.

China's biggest EV battery recycler is Guangdong Brunp Recycling Technology, a subsidiary of battery manufacturing



giant CATL. The company says it has a fully automated recycling process that can handle 120,000 tons of waste batteries and is working to increase that capacity to 1 million tons. It says it has over 200 recycling locations in operation today and that it handles just over 50 percrnt of China's EV battery recycling needs.

It's worth noting that it's not clear if the 99.6 percent recovery rate has been achieved at scale or just in lab testing. It's probably the latter, and if the recovery process is energy-intensive, it will therefore create a lot of pollution. Some Chinese recyclers use acid leaching (hydrometallurgy) to recover lithium and other elements at a very high purity level, and while this reduces energy needs, it also requires treatment of the wastewater, which is a step that some companies might be willing to overlook to cut costs.

Targets for rare earths, copper and aluminum have also since been introduced. They need to have a recovery rate of 98 percent, which is the same as for nickel, cobalt and manganese. Some companies are already exceeding these recovery percentage guidelines and are able to retrieve over 99 percent of these key materials.

The figure is specifically 99.6 percent for nickel, manganese and cobalt and slightly lower, at 98 percentd, for lithium. The standards don't just apply to electric passenger vehicle batteries, but also to batteries used in energy storage, marine applications and other uses.

These recycled materials will naturally be reused in new battery packs, automatically lowering the demand for virgin materials. One of the most controversial areas surrounding electric vehicles today is the environmental impact of digging up lithium, rare earths and other elements out of the ground. The labor behind mining for these elements is not always ethical, and it affects natural habitats, so recovering these materials instead of getting new ones will become increasingly important in the future as more vehicles become electric.

The European Union wants to pass a law where any battery with a capacity higher than 2 kilowatt-hours will have to contain certain percentages of recovered materials by 2031—16 percent for cobalt and 6 percen for lithium and nickel. The aim is to reduce waste, promote a circular economy and reduce environmental impact. By 2031, the EU also wants to increase recovery rates for cobalt, copper, lead and nickel to 95 percent and 80 percent for lithium. All numbers that are lower than what China says it's capable of retrieving today.

China will likely remain the leader in both production and recycling of EV batteries, and as it amasses more of these elements, most of which are not mined locally, its need for freshly mined virgin materials will go down. This will allow China to essentially close the loop and become virtually independent and self-sufficient, relying solely on high-yield recycling of millions of existing EV batteries rather than bringing in raw materials from places like Africa or South America.

In the U.S., Redwood Materials is one of the biggest battery recyclers. It says it too has technology to allow it to recover up to 95 percent of the nickel, cobalt, lithium and copper from an end-of-life EV battery pack, but it has yet to do it at scale. The company wants to use these recovered materials to create new battery packs and is targeting a production capacity of 500 GWh by the end of the decade.

Reuters noted back in 2023 that the U.S. Inflation Reduction Act included "a clause that automatically qualifies EV battery materials recycled in the U.S. as American-made for subsidies, regardless of their origin." The goal was to incentivize EV battery recycling in the U.S., in an attempt to break China's almost total global monopoly in the field.

With the Trump administration now stripping back incentives for EVs, batteries and their supporting industries, it doesn't look like China's battery recycling leadership will be challenged anytime soon. As time progresses and more vehicles on the road become electric, and as the ones that are on the road today begin to age, the need for battery recycling will increase considerably.

Will the West's spent EV packs end up being shipped to China to be recycled?

**IEVs**

# ကားရောင်းနိုင်စွမ်းရှိလာတဲ့ လူတူစက်ရုပ် မော်နင်





တရုတ်နိုင်ငံရှိမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Chery ကုမ္ပဏီက မော်တော်ကားများနဲ့ အသိဉာဏ်ပေါင်းစပ်မှုတို့ကြားကွာဟနေမှုကို တံတားထိုးပေးမယ့် နောက်ဆုံးပေါ်လူတူစက်ရုပ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီစက်ရုပ်ကိုနာမည်ပေးထားတာက မော်နင်ဆိုပြီးဖြစ်ပါတယ်။

မကြာသေးမီက တရုတ်နိုင်ငံ ဝူဟူမြို့မှာကျင်းပတဲ့ AiMOGA ကမ္ဘာ့စီးပွားရေးညီလာခံမှာ မော်နင်က စင်မြင့်ပေါ်တက်လာပြီး သူ့ရဲ့စွမ်းဆောင်ရည်တွေကိုထုတ်ဖော်ပြသခဲ့ပါတယ်။ မော်နင်ရဲ့အဓိကတာဝန်က ကားအရောင်းသမားတစ်ဦးအဖြစ် လုပ်ငန်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မော်နင်အနေနဲ့ ဧည့်သည်များကိုနှုတ်ဆက်ခြင်း၊ အပြန်အလှန်စကားပြောခြင်းတို့ကို လုပ်ဆောင်နိုင်တဲ့အပြင် သာမန်လူတစ်ဦးလုပ်နိုင်ဖို့ခဲယဉ်းတဲ့ မော်တော်ကားအချက်အလက်များကို ဘာသာစကားမျိုးစုံအသုံးပြုပြီးတင်ပြနိုင်ပါသေးတယ်။ မော်နင်ဟာ ကားတံခါးကို အလိုအလျောက်ဖွင့်ပေးနိုင်စွမ်းရှိတဲ့ ကမ္ဘာ့ပထမဆုံးလူတူစက်ရုပ်ဖြစ်လာပါတယ်။ သူ့မှာ ခန္ဓာကိုယ်လှုပ်ရှားမှုထိန်းချုပ်စနစ်၊ ထပ်တိုးသင်ယူခြင်းစနစ်စတာတွေအပြင် အာရုံခံကိရိယာများစွာပါဝင်ပါတယ်။

**Ref: IE**

**ကိုထက်**

# ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှုမှ သူရဲကောင်းတစ်ဦးကို အသက်ပြန်သွင်းလိုက်တဲ့ အမေရိကန်ရေတပ်




၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်ဆိုတာ အမေရိကန်သမိုင်းမှာ မေ့ပျောက်လို့မရနိုင်တဲ့နေ့ရက်တစ်ခုဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ပုလဲဆိပ်ကမ်းကို ဂျပန်တို့က လာရောက်ဗုံးကြဲတိုက်ခိုက်သွားလို့ဖြစ်ပါတယ်။ ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်ခံရမှုမှာ အမေရိကန်စစ်ရေယာဉ်အများအပြားနစ်မြုပ်ခဲ့ရပြီး အဲဒီစစ်ရေယာဉ်တွေထဲမှာ USS Utah ဆိုတဲ့စစ်ရေယာဉ်တစ်စင်းကလည်း အပါအဝင်ဖြစ်ပါတယ်။

တစ်နည်းပြောရမယ်ဆိုရင် အဲဒီစစ်ရေယာဉ်တွေဟာ အမေရိကန်ရေတပ်အတွက်တော့ တကယ့်ကိုသူရဲကောင်းတွေပါပဲ။ ဒါကြောင့်လည်း ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှုမှာ နစ်မြုပ်သွားတဲ့စစ်ရေယာဉ်များရဲ့အမည်ကို နောက်ထပ်စစ်ရေယာဉ်များမှာ အသုံးပြုခြင်းမရှိခဲ့ပါဘူး။

ဒါပေမဲ့အခုတော့ အမေရိကန်ရေတပ်က ပုလဲဆိပ်ကမ်းသူရဲကောင်းတစ်ဦးကို ပြန်လည်အသက်သွင်းလိုက်ပါပြီ။ အဲဒါကတော့ မကြာခင်တပ်တော်ဝင်တော့မယ့် အဆင့်မြင့်တိုက်ခိုက်ရေးရေငုပ်သင်္ဘောကို USS Utah လို့အမည်ပေးလိုက်တာဖြစ်ပါတယ်။ အမေရိကန်ရေတပ်အနေနဲ့ အခုလိုမျိုးပုံစံနဲ့ စစ်ရေယာဉ်ကိုနာမည်ပေးခြင်းက ပထမဆုံးလည်းဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# တရုတ်နိုင်ငံကို အာကာသလုပ်ငန်းထဲတိုးဝင်နိုင်ဖို့ကူညီပေးမယ့် အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ဒုံးပျံ



အာကာသလုပ်ငန်းမှာ အကျိုးအမြတ်များစေဖို့အတွက် အရေးအကြီးဆုံးအချက်က အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ဒုံးပျံများကို ပြန်လည်အသုံးပြုနိုင်ခြင်းဖြစ်ပါတယ်။ လက်ရှိမှာ အီလွန်မက်ရဲ့ SpaceX ကုမ္ပဏီက ဒီဒုံးပျံတွေကို အသုံးပြုနေနိုင်တာတွေ့ရပါတယ်။ ဒါကြောင့် နည်းပညာတိုးတက်မှုမှာ အံ့မခန်းမြန်ဆန်လာတဲ့ တရုတ်နိုင်ငံကလည်း အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ဒုံးပျံများကို ဖန်တီးထုတ်လုပ်ခြင်းဖြင့် အာကာသလုပ်ငန်းထဲဝင်တိုးဖို့ကြိုးပမ်းလာတာတွေ့ရပါတယ်။

အခုဆိုရင် တရုတ်နိုင်ငံမှဒုံးပျံထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ LandSpace က Zhuque-3 လို့အမည်ပေးထားတဲ့ ဒုံးပျံအတွက် တွန်းကန်အားစနစ်ကိုစမ်းသပ်မှုလုပ်ခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုက မျှော်မှန်းထားတဲ့အတိုင်းဖြစ်လာတာကြောင့် အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ဒုံးပျံကို ရရှိပိုင်ဆိုင်နိုင်ဖို့ဆိုတာ သီတင်းပတ်အနည်းငယ်မျှသာလိုပါတော့တယ်။ ဒ့ါအပြင် ဒုံးပျံကိုယ်ထည်ပိုင်းကို သံချေးမတက်နိုင်တဲ့သံမဏိနဲ့ လုပ်ထားတာကြောင့် ဒီဒုံးပျံက တရုတ်နိုင်ငံကို အာကာသလုပ်ငန်းထဲတိုးဝင်နိုင်ဖို့ ကူညီပေးနိုင်ပါလိမ့်မယ်။

**Ref: IE**

**ကိုထက်**

# ရာသီဥတုပူနွေးမှုကြောင့် အိုက်စလန်သို့ပင် ခြင်များရောက်ရှိလာ


ခြင်တွေဆိုတာ အေးတဲ့နေရာမှာကျက်စားလေ့မရှိပါဘူး။ ဥပမာအားဖြင့် အဲကွန်းဖွင့်ထားတဲ့အခန်းထဲမှာ ခြင်တွေရှိတယ်ဆိုတာရှားပါတယ်။ ဒါကြောင့်လည်း အေးတဲ့ဒေသတွေမှာ ခြင်တွေမရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့အဲဒီအခြေအနေတွေက ပြောင်းလဲလာပါပြီ။ ဘာကြောင့်လဲဆိုရင် အလွန်အေးပါတယ်ဆိုတဲ့ ကမ္ဘာ့မြောက်ဖျားပိုင်းရှိ နိုင်ငံတစ်ခုဖြစ်တဲ့ အိုက်စလန်နိုင်ငံမှာ ခြင်တွေကိုတွေ့ရှိလာရတယ်လို့ ထုတ်ပြန်လာတဲ့အတွက် ဖြစ်ပါတယ်။

အိုက်စလန်မြို့ရဲ့ ကီလာဖဲမြို့ရှိ သိပ္ပံပညာရှင်တစ်ဦးက ဒီခြင်တွေကို စတင်မြင်တွေ့ခဲ့တာပါ။ သိပ္ပံပညာရှင်ဘီယွန်းယာတဲဆွန်းက သူ့အနီးအနားမှာ ပုံမှန်မြင်တွေ့နေကျမဟုတ်တဲ့ အင်းဆက်တစ်ကောင်ပျံသန်းနေတာကို အောက်တိုဘာလလယ်တုန်းက တွေ့ရှိလိုက်ပါတယ်။ အဲဒီအင်းဆက်ကိုဖမ်းပြီး စစ်ဆေးကြည့်လိုက်တဲ့အခါ ခြင်မတစ်ကောင်ဖြစ်နေကြောင်းနဲ့ နောက်ထပ် ခြင်မတစ်ကောင်နဲ့ ခြင်ထီးတစ်ကောင်တို့ကိုလည်း တွေ့ရှိရတယ်လို့ သူက လူမှုကွန်ရက်မှာတင်ခဲ့တာပါ။

အခုတွေ့ရှိရတဲ့ခြင်တွေကို ဆန်းစစ်မှုတွေလုပ်တဲ့အခါ အအေးဒဏ်ကိုခံနိုင်တဲ့ခြင်တွေဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ အေးမြလှသောရာသီဥတုရှိတဲ့ အိုက်စလန်လိုနေရာမှာ ခြင်တွေကိုတွေ့ရတယ်ဆိုတာ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

**Ref: IE**

**ကိုထက်**



# ကမ္ဘာ့ပထမဆုံးအဖြစ် ဆဌမမျိုးဆက်တိုက်လေယာဉ်များအတွက် လေယာဉ်တင်သင်္ဘောကိုအသုံးပြုလာနိုင်တဲ့ အီတလီ



အီတလီနိုင်ငံက သူတို့အတွက်ပထမဆုံးဖြစ်လာမယ့်အပြင် ကမ္ဘာ့ပထမဆုံးပါဖြစ်လာမယ့် ဆဌမမျိုးဆက် တိုက်လေယာဉ်များအတွက် နျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောများတည်ဆောက်ဖို့ဖြစ်တန်စွမ်းလေ့လာမှုများကို ၂၀၂၆ ခုနှစ်မှာစတင်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းက အီတလီရေတပ်ကို အဆင့်မြှင့်တင်ရာမှာ အရေးအကြီးဆုံးသောခြေလှမ်းတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောများ အသုံးပြုနိုင်တဲ့ နိုင်ငံအနည်းစုစာရင်းမှာ အီတလီနိုင်ငံကလည်း ပါဝင်လာနိုင်ပါတယ်။

ဒီအတွက်စီမံကိန်းကိုတော့ မျိုးဆက်သစ်လေယာဉ်တင်သင်္ဘောလို့အမည်ပေးထားပြီး ကာလရှည်အစီအစဉ်တစ်ရပ်နဲ့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ ခန့်မှန်းခြေအားဖြင့် ၂၀၄၀ ပြည့်နှစ်အထိကြာမြင့်နိုင်ပါတယ်။

ဒီစီမံကိန်းအရ လေယာဉ်တင်သင်္ဘောမှာ နျူကလီးယားစွမ်းအင်သုံးတွန်းကန်အားစနစ်၊ လျှပ်စစ်သံလိုက်စနစ်အသုံးပြုလေယာဉ်လွှတ်တင်စနစ်၊ အဆင့်မြင့်ဆိုက်ဘာကာကွယ်ရေးစနစ်၊ လူမဲ့နဲ့လူပါယာဉ်များပေါင်းစပ်အသုံးပြုမှုစနစ် အစရှိတဲ့စနစ်တွေပါဝင်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ဘူဒါပတ်မြို့၌ ပလာဒီမာပူတင်နှင့် တွေ့ဆုံမှုက အလဟဿမဖြစ်သင့်ဟု ဒေါ်နယ်ထရမ့်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံမှုသည် အလဟဿမဖြစ်သင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာလ ၂၁ ရက်တွင်ပြောသည်။

၎င်းအနေဖြင့် အကျိုးမရှိသည့်ဆွေးနွေးပွဲကိုအလိုမရှိကြောင်း၊ ဆွေးနွေးမှုကိုလည်း အလဟဿမဖြစ်စေလိုကြောင်း၊ လက်ရှိလုပ်ဆောင်နေသည့်အရာများနှင့်ပတ်သက်၍ မကြာမီရက်ပိုင်းအတွင်း အသိပေးသွားမည်ဖြစ်ကြောင်း ထရမ့်က သတင်းထောက်များကိုပြောသည်။

ထရမ့်က ပူတင်နှင့်ဖုန်းပြောစဉ် ၎င်းတို့နှစ်ဦးကြား နောက်တစ်ကြိမ်တွေ့ဆုံဆွေးနွေး၍ ယူကရိန်းပြဿနာပြေလည်အောင်ဖြေရှင်းရန်သဘောတူထားသည်။ သို့သော် လက်ရှိတွင် မည်သည့်အချိန်၌ တွေ့ဆုံမည်ကိုမူ ထုတ်ဖော်ပြောခြင်းမရှိသေးကြောင်းနှင့် နှစ်နိုင်ငံစလုံးမှ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ဆွေးနွေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

Ref: RT

# မြောက်ကိုရီးယားက လပေါင်းများစွာအတွင်း ပထမဆုံးအဖြစ် အမြင့်ပျံဒုံးကျည်အစင်းပေါင်းများစွာပစ်လွှတ်



**ဆိုး၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အမြင့်ပျံဒုံးကျည်အစင်းပေါင်းများစွာကို အောက်တိုဘာလ ၂၂ ရက်နံနက်ပိုင်းတွင် ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားရှိ ပူးတွဲစစ်ဦးစီးချုပ်များရုံးကထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံကပစ်လွှတ်သောဒုံးကျည်များသည် တာဝေးပစ်ဒုံးကျည်များဖြစ်ကြောင်း၊ နိုင်ငံတောင်ပိုင်းရှိ မြောက်ဟွမ်ဟေးပြည်နယ်မှနေ၍ ပစ်လွှတ်ခြင်းဖြစ်ကြောင်း၊ ထိုဒုံးကျည်များသည် ကီလိုမီတာ ၃၅၀ ခန့်ပျံသန်းပြီးနောက် နိုင်ငံအရှေ့မြောက်ပိုင်းရှိ မြောက်ဟမ်ယောင်းပြည်နယ်သို့ သက်ဆင်းခြင်းဖြစ်ကြောင်း ထိုထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် မြောက်ကိုရီးယားက ယခုပစ်လွှတ်လိုက်သောဒုံးကျည်များသည် ၂၀၂၄ ခုနှစ်စက်တင်ဘာလတွင် စမ်းသပ်ခဲ့သောဒုံးကျည်များနှင့်အလားသဏ္ဌာန်တူကြောင်း စစ်ရေးလေ့လာသူများက ပြောသည်။ ထိုကိစ္စနှင့်ပတ်သက်၍မူ မြောက်ကိုရီးယားနိုင်ငံက မည်သည့်ထုတ်ပြန်ချက်မျှထုတ်ပြန်ထားခြင်းမရှိသေးကြောင်းနှင့်၎င်းတို့အနေဖြင့်နောက်ဆုံးဒုံးကျည်စမ်းသပ်မှုကို မေလအစောပိုင်းတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနများကဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံက ယခုကဲ့သို့ဒုံးကျည်များပစ်လွှတ်ခြင်းက တောင်ကိုရီးယားနိုင်ငံ၌ APEC ထိပ်သီးညီလာခံမကျင်းပမီ လုပ်ဆောင်ခြင်းဖြစ်သည်ဟု သတင်းဌာနအချို့က ရေးသားထားသည်။

Ref: RT

# နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက် ၁၆၀၀၀၀ ကျော် သုတ်သင်ရ

**သယ်ဟော့၊ ကျန်းမာရေး**

နယ်သာလန်နိုင်ငံ ဂျယ်ဒါလန်းပြည်နယ် ဒိုဒီဝါ့မြို့ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို တွေ့ရှိရသည့်အတွက် ကြက်အကောင်ရေ ၁၆၀၀၀၀ ကျော်ကို သုတ်သင်ရသည်ဟု တာဝန်ရှိသူများက အောက်တိုဘာလ ၂၂ ရက်တွင်ပြောသည်။

အစားအစာနှင့် စားသောက်ကုန်ဘေးကင်းရေးအာဏာပိုင်အဖွဲ့က ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် အဆိုပါကြက်များကိုသုတ်သင်လိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်။ အလားတူ ရောဂါပိုးကူးစက်မှုဖြစ်ပွားသည့်ခြံမှ ၁၀ ကီလိုမီတာပတ်လည်ကိုကျော်လွန်၍ မွေးမြူရေးခြံထွက် မည်သည့်ပစ္စည်းကိုမျှ တင်ပို့ခြင်းမပြုရန်တားမြစ်ထားသည်။ ယခုအစောပိုင်းကလည်း အခြားမွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်အကောင်ရေ ၇၁၀၀၀ ကိုသုတ်သင်လိုက်ရကြောင်းသိရသည်။

Ref: Xinhua

# ထိုင်းဝန်ကြီးချုပ်ဟောင်း ဖယ်ထုန်ထန်ရှင်နာဝပ် ဖူထိုင်းပါတီ၏ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းဝန်ကြီးချုပ်ဟောင်း ဖယ်ထုန်ထန်ရှင်နာဝပ်သည် ဖူထိုင်းပါတီ၏ဥက္ကဋ္ဌရာထူးမှ အောက်တိုဘာလ ၂၂ ရက်တွင်နုတ်ထွက်လိုက်ကြောင်းသိရသည်။ ၎င်းအနေဖြင့် ယခုကဲ့သို့ ရာထူးမှနုတ်ထွက်ရခြင်းသည် နောက်တစ်ကြိမ်ရွေးကောက်ပွဲမတိုင်မီ ပါတီကို ဘက်စုံပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နိုင်စေရန် ဖြစ်ကြောင်း ဖယ်ထုန်ထန်ကပြောသည်။

ဖယ်ထုန်ထန်ရှင်နာဝပ်အနေဖြင့် ပါတီ၏ဥက္ကဋ္ဌရာထူးမှနုတ်ထွက်သော်လည်း ပါတီဝင်အဖြစ်နှင့် ဖူထိုင်းမိသားစု၏ဦးစီးခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့်အတူရပ်တည်၍ ပါတီ၏ ခေတ်သစ်တစ်ခုတည်ဆောက်မှုကို ကူညီပေးမည်ဟုကတိပြုကြောင်း ၎င်း၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟု သိရသည်။

Ref: Xinhua

# ဒဗ္ဗလင်မြို့၌ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ၏ လုပ်ရပ်တစ်ခုကြောင့် ဆူပူအုံကြွမှုဖြစ်ပွား



**ဒဗ္ဗလင်၊ ပြည်တွင်းရေး**

အိုင်ယာလန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတစ်ဦး၏ လက်မခံနိုင်သောလုပ်ရပ်ကြောင့် ဒဗ္ဗလင်မြို့၌ ဆူပူအုံကြွမှုများဖြစ်ပွားကြောင်းသိရသည်။ ဆူပူဆန္ဒပြသူထောင်ပေါင်းများစွာသည် အောက်တိုဘာလ ၂၁ ရက်ညပိုင်းတွင် ဆန္ဒပြမှုနှင့်အတူ ရဲတပ်ဖွဲ့ဝင်များသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်ခြင်း၊ ဗျောက်အိုးများဖောက်ခြင်း၊ ရဲတပ်ဖွဲ့ပိုင်ကားတစ်စီးကို မီးရှို့ခြင်းတို့ လုပ်ဆောင်သည်။ ထို့နောက် ရဲတပ်ဖွဲ့က အဆိုပါဆူပူဆန္ဒပြသူများကို ရေအမြောက်အသုံးပြု၍ဖြိုခွဲခဲ့ကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတစ်ဦးသည် အမြဲတမ်းဒုက္ခသည်စခန်းအဖြစ်ဖွင့်လှစ်ပေးထားသည့်နေရာအနီး၌ အသက် ၁၀ နှစ်သာရှိသေးသည့် မိန်းကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်သည်ဟု သတင်းထွက်ပေါ်လာပြီးနောက် ပြည်သူများက ဒဗ္ဗလင်မြို့စွန်ရှိ လူဝင်မှုကြီးကြပ်ရေးရုံးတစ်ခုအပြင်ဘက်၌ ယခုကဲ့သို့ ဆူပူဆန္ဒပြမှုများလုပ်ဆောင်ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူသည် မည်သူမည်ဝါဖြစ်သည်ကို တာဝန်ရှိသူများကဖော်ပြထားခြင်းမရှိသော်လည်း ထိုပြစ်မှုကျူးလွန်သူသည် လွန်ခဲ့သောခြောက်နှစ်ခန့်က အာဖရိကဒေသရှိနိုင်ငံတစ်ခုမှ ရောက်လာခြင်းဖြစ်ကြောင်းနှင့် နိုင်ငံရေးခိုလှုံခွင့်ငြင်းပယ်ခံထားရသူဖြစ်ကြောင်း Irish Times သတင်းဌာနကဖော်ပြထားသည်။

Ref: RT

# မိုဒီနှင့်ထရမ့်တို့က ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်

**နယူးဒေလီ၊ နိုင်ငံရေး**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ကုန်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမှုပြုလုပ်ထားကြောင်း အောက်တိုဘာလ ၂၂ ရက်တွင်ပြောသည်။ အလားတူ ထရမ့်ကလည်း နှစ်နိုင်ငံကြားဆက်ဆံရေး ပြန်ပြေလည်စေမည့် သဘောတူညီချက်တစ်ခုရရှိရေးအတွက် ဆွေးနွေးကြသည်ဟု ပြောထားသည်။

ဟိန္ဒူရိုးရာ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီပွဲတော်မကျင်းပမီတွင် ထရမ့်က မိုဒီထံသို့ဖုန်းခေါ်ဆို၍ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ အကြောင်းအရာအများအပြားနှင့်ပတ်သက်၍ ဆွေးနွေးကြောင်း၊ သို့သော် ကုန်သွယ်ရေးကိုအဓိကထား၍ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ မိုဒီအနေဖြင့် ယင်းကိစ္စအပေါ် များစွာစိတ်ဝင်စားကြောင်း ထရမ့်ကပြောသည်။

ဩဂုတ်လတွင် အမေရိကန်က အိန္ဒိယနိုင်ငံထုတ်ကုန်ပစ္စည်းများကို သွင်းကုန်အခွန် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံကာ အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားမှရေနံများကို ဝယ်ယူခြင်းမပြုရန် တိုက်တွန်းပြီးနောက် နှစ်နိုင်ငံကြားဆက်ဆံရေးယိုယွင်းလာခြင်းဖြစ်သည်။ ယခုလကုန်ပိုင်းတွင်မူ မလေးရှားနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထရမ့်နှင့်မိုဒီတို့ တွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိကြောင်းသိရသည်။

Ref: ST



# တနင်္သာရီတိုင်းဒေသကြီး၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ထားဝယ် အောက်တိုဘာ ၂၂

"အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုနှစ်ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်အနေဖြင့် "Love Your Eyes" "အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့" ဖြစ်ကြောင်း၊ မျက်စိကျန်းမာရေးဆိုင်ရာဗဟုသုတများရရှိလာစေရေးအတွက် အတွေ့အကြုံများအား မျှဝေပေးခြင်းဖြင့် လူတစ်ဦးချင်းစီတိုင်း အမြင်အာရုံကိုဦးစားပေးတန်ဖိုးထားတတ်ပြီး ပုံမှန်မျက်စိစစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းများပြုလုပ်လာစေရေး မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာ ရရှိဆောင်ရွက်နိုင်စေရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသောလုပ်ငန်းများကို တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ခုတင်-၃၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး (ထားဝယ်)မှ ဆေးရုံအုပ်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးဦးဆောင်သော ဆေးအဖွဲ့က ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား မျက်စိစမ်းသပ်ကုသပေး၍ ကုသိုလ်ယူနေမှုအား ကြည့်ရှုအားပေးပြီး ပါဝါမျက်မှန်နှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက်ထားဝယ်မြို့ရှိတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၅) ညှိနှိုင်းအစည်းအဝေးတက်ရောက်သည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များက တင်ပြတိုင်ကြားလာမှုအပေါ် စိစစ်ဆောင်ရွက်မည့်စီမံချက်များ၊ အမှုတွဲများအပေါ် ဆောင်ရွက်ထားရှိမှုများကိုတင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မူမူအေး

# ဇေယျာသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ဆိုင်ရာ စွမ်းရည်မြှင့်မားရေးပြိုင်ပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများအားဖိတ်ခေါ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာစွမ်းရည်မြှင့်မားရေးပြိုင်ပွဲများကို အောက်တိုဘာလ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့စာကြည့်တိုက် အတွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်မြစန်းရီက ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ကြွယ်ဝစေရန်ရည်ရွယ်၍ ယခုလိုပြည်သူ့စာကြည့်တိုက်သို့ ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှတာဝန်ရှိသူများက ဦးဆောင်၍ ကလေးငယ်များအား ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆုများအသီးသီးပေးအပ်သည်။

အဆိုပါပြိုင်ပွဲသို့ ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြောင်း သိရသည်။ (၄၁၃)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့်အခြေခံစားသောက်ကုန်များပေးအပ်



မုံရွာ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။


ဦးစွာ အငြိမ်းစားဝန်ထမ်းများကို နံနက်စာ ကော်ဖီနှင့်မုန့်များဖြင့် ဧည့်ခံကျွေးမွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်း ၁၃၀၀ ကို အာဟာရဖြည့်စွက်စာ ကြက်ဥများ လက်ရောက်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါခန်းမဝင်းအတွင်း၌ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အငြိမ်းစားဝန်ထမ်းများကို အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည့်တန်ဖိုးမြှင့်စားသောက်ကုန်(Bakery)အမျိုးမျိုးထုတ်လုပ်နည်းပညာသင်တန်း (၁၃/၂၀၂၅-၂၀၂၆) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တန်ဖိုးမြှင့်စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်နည်းပညာသင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်တိုင် ပြုလုပ်ထားသည့် တန်ဖိုးမြှင့်စားသောက်ကုန် အမျိုးမျိုးကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

အေးသန္တာ




# မဲစာရင်းမှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ်တွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်မှုရှိစေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၁ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က မြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုမရှိစေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးဆောင်ရွက်သွားရန်နှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးထွန်းမြင့်ဝင်းက မဲစာရင်းမှန်ကန်ရန်အတွက် ဖြည့်စွက်မှု၊ ပြင်ဆင်မှု၊ လွဲမှားမှုမရှိစေရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်ကိစ္စရပ်များ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (၄၀၅)

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် မြစ်ကြီးနားမြို့၊ ယုဇနကွက်သစ်ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၇ ရက်နှင့် ၁၈ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် ၁၀ လက်မ သံပိုက်(၂၅)ချောင်းအပါအဝင် ဆက်စပ်ပစ္စည်း(၁၂၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၆၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၈ ရက်**တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ (၁၄ ဒသမ ၄၉၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၃၈၅၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၈ ရက်**တွင် တောင်ကြီးမြို့နယ်၊ ရပ်စောက်-ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Hiace (၁)စီး၊ Istana Micro Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၁၃၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၀ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာအမှုတွဲ (၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၅၂၀၄၁၆၈၅၆)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ မြဝတီ

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၂၄)ရက်(သောကြာနေ့)ညတွင် တန်ဆောင်တိုင်ပွဲတော်ကာလနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များစုပေါင်း၍ **“တန်ဆောင်တိုင်ချစ်သူ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၂၄-၁၀-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “တန်ဆောင်တိုင်ချစ်သူ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တန်ဆောင်တိုင်ချစ်သူ | ပြင်ပအဆိုရှင် |
| ၂။ | ကမ္ဘာကျော်တဲ့ပွဲ | ပြင်ပအဆိုရှင် |
| ၃။ | ကျေးဇူးတင်ပါတယ်ရှင် | ပြင်ပအဆိုရှင် |
| ၄။ | ကြယ်ပြာလေးနဲ့ဝေးတဲ့နောက် | ပြင်ပအဆိုရှင် |
| ၅။ | ပွဲတော်ည | ပြင်ပအဆိုရှင် |
| ၆။ | ရိုးရာပွဲ | ပြင်ပအဆိုရှင် |
| ၇။ | ပျော်မဆုံးတဲ့တန်ဆောင်မုန်း | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | ရိုးမအလှ | ပြင်ပအဆိုရှင် |
| ၉။ | ရိုးရာမပျက်တဲ့မြေ | ပြင်ပအဆိုရှင် |
| ၁၀။ | လှမ်းခဲ့တော့လေချယ်ရီမြေ | ပြင်ပအဆိုရှင် |
| ၁၁။ | ခြိမ့်ခြိမ့်သဲသဲ | ပြင်ပအဆိုရှင် |

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၁၃ ရက်မှ ၁၉ ရက်**အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၁၃ ဒသမ ၉၄၅၈)တန်၊ သစ်မာ (၂၅ ဒသမ ၉၆၈၆)တန်၊ အခြား (၂၀ ဒသမ ၅၆၀၆)တန်၊ စုစုပေါင်း (၆၀ ဒသမ ၄၇၅၀)တန်၊ ယာဉ်/ယန္တရား (၄)စီး၊ တရားခံ (၁၀)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂၃-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၀၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
မေမြတ်သူ(ဘ)ဦးဝင်းသိန်း ၁၂/စခန(နိုင်)၀၃၉၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၄၆၉၃၁၇၃

**ပျောက်ဆုံးကြောင်း**
ဓွဲအောင်သူ(ဘ)ဦးအားနိမ်း(ခ)ချိန်နိမ်း ၁၃/လရန(နိုင်)၂၈၃၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၅၁၈၅၄၂၉

**ပျောက်ဆုံးကြောင်း**
သက်လွင်ထွန်း(ဘ)ဦးသောင်းဘို ၅/ပလန(နိုင်)၁၄၄၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၄၀၁၄၂၅၂

**ပျောက်ဆုံးကြောင်း**
ဂျိန်းကေကို(ဘ)ဦးခင်မောင်ဝေ ၉/မခန(နိုင်)၂၃၀၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 369143)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေမီမီဦး(ဘ)ဦးအေးနိုင် ၁၂/ကတန(နိုင်)၁၂၀၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချစ်ချစ်ဇော်(ဘ)ဦးအောင်မင်း ၁၂/လကန(နိုင်)၂၉၅၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 884302)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
လှဲ့လှဲ့ခိုင်(ဘ)ဦးခင်မောင်စန်း ၈/ကမန(နိုင်)၀၇၉၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 699125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ယွင်လင်ရွှေ(ဘ)ဦးယွင်ယူကျိုး ၁၃/ကကန(နိုင်)၀၀၂၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 574298)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၈၇၉၇၃၀၀၄

**ပျောက်ဆုံးကြောင်း**
ဦးဝဏ္ဏစိုး(ဘ)ဦးစိုးသန်း ၈/ပခက(နိုင်)၁၆၃၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
သိမ့်သီရိ(ဘ)ဦးမင်းဇော် ၁၂/သလန(နိုင်)၁၉၇၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 270740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ခင်မွန်မွန်ခိုင်(ဘ)ဦးစိုးမြင့် ၉/သပက(နိုင်)၀၆၅၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ဒေါ်အမ်းအမ်း(ဘ)ဦးညီမန်း ၁၃/ပလထ(နိုင်)၀၀၀၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၅၅၀၄၉၀၈၂

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ဂုမ္ဘကွင်းအုပ်စု၊ ဂုမ္ဘကွင်းအရှေ့စုရွာနေ အဘ ဦးကိုနိုင်၏သမီး မကြယ်စင်မြင့်မိုရ်၇/ကပက(နိုင်)၁၄၀၆၂၀ ကိုင်ဆောင်သူအား မဂျူးဝသန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဂျူးဝသန်

**ပျောက်ဆုံးကြောင်း**
နိုင်နိုင်အေး(ဘ)ဦးတင်အေး ၁၂/သကတ(နိုင်)၀၈၆၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အရှင်ဇိနောရသ(ဘ)ဦးတင့်ဆွေ ၁၂/ဥကမ(သ)၀၀၃၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၉၆၅၀၂၂၅

**ပျောက်ဆုံးကြောင်း**
အရှင်ဥတ္တမ(ဘ)ဦးအုန်းမောင် ၁၂/ဥကမ(သ)၀၀၃၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၇၃၅၇၉၉၇၇

**ပျောက်ဆုံးကြောင်း**
အရှင်တေဇလင်္ကာရ(ဘ)ဦးမြင့်မောင် ၁၂/ဗဟန(သ)၀၀၁၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၈၁၈၃၈၀၁

**ပျောက်ဆုံးကြောင်း**
ဇော်မင်းဦး(ဘ)ဦးခင်ထူး ၁၂/ဥကတ(နိုင်)၁၆၃၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၅၄၄၀၄၅၀

**ပျောက်ဆုံးကြောင်း**
အိအိဖြိုး(ဘ)ဦးမိုးမြင့် ၁၂/အစန(နိုင်)၂၃၉၅၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၄၈၄၆၁၅၄

**ပျောက်ဆုံးကြောင်း**
ကျော်ဆန်းလွင်(ဘ)ဦးသန်းဦး ၁၄/မမန(နိုင်)၁၅၄၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၈၉၉၄၆၂၉၃

**ပျောက်ဆုံးကြောင်း**
အိအိလှိုင်(ဘ)ဦးကျင်လှ ၁၀/ကထန(နိုင်)၀၇၆၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၆၈၅၂၀၅၆၄

**ပျောက်ဆုံးကြောင်း**
ခင်မာချို(ဘ)ဦးတင်မောင် ၇/ဝမန(နိုင်)၀၅၄၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၀၅၅၁၆၂

**ပျောက်ဆုံးကြောင်း**
ထွန်းလွင်(ဘ)ဦးဒုရ်ဟူဒါ ၁၂/ပဘတ(နိုင်)၀၄၂၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၃၀၇၃၅၅၅

**ပျောက်ဆုံးကြောင်း**
ညီညီအောင်(ဘ)ဦးငြိမ်းအောင် ၁၂/ကမရ(နိုင်)၀၀၂၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၈၀၁၃၃၃၆၇

**ပျောက်ဆုံးကြောင်း**
ဖူစင်(ဘ)ဦးရန်လင်ဟွာ ၁၃/လရန(နိုင်)၀၆၃၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၀၃၇၂၈၉၃

**ပျောက်ဆုံးကြောင်း**
နန်းမြင့်ညို(ဘ)ဦးစိုင်းအောင်ပု ၁၃/ကမန(နိုင်)၁၀၁၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 445807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
နော်ဝါးဂေ(ဘ)ဦးကျော်ရင် ၇/ကကန(နိုင်)၀၉၉၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 359226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ထွေးရီ(ဘ)ဦးအောင်မောင်း ၇/အတန(နိုင်)၀၄၆၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နေ အဘ ဦးဂျက်စတင်း ၉/လဝန(နိုင်)၂၂၉၄၈၆ ၏သား မောင်ဇာနည်လွင်အား မောင်စောဘုန်းပြည့်သွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်စောဘုန်းပြည့်သွင်

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွာတောင်ကျေးရွာနေ အဘ ဦးကျော်နိုင်၏သမီး မသွယ်သွယ်ဖြိုး၏အမည်မှန်မှာ ဖွားစာရင်းမှတ်ပုံတင်အမှတ်စဉ် 286 အရ မသီရိဟေမာန်သွယ်သွယ်ဖြိုးဖြစ်ပါကြောင်း။
မသီရိဟေမာန်သွယ်သွယ်ဖြိုး

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆားတောင်အ.ထ.က Grade-12(S2)တွင် ပညာသင်ကြားနေသော မောင်အောင်သကြ်န်မိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၈/ရစက(နိုင်)၁၂၅၀၈၀ ဖြစ်ပါကြောင်း။
ဦးသန်းဇော်

**အမည်ပြောင်း**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆားတောင် အ.ထ.က Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးစောဝင်းမောင်၏သမီး မမြို့မြို့ဇင်သန်းအား ယနေ့မှစ၍ မဇင်ထက်ထက်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇင်ထက်ထက်ထွန်း**

**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့နယ်နေ ဦးစိုးပိုင်(ဘ)ဦးမောင်မောင် ၉/ပဘန(နိုင်)၂၆၅၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့၊ ပိန်းဇလုပ်ရွာနေ မောင်ဝင်းဇော်(ဘ)ဦးဝင်းကြည် ၇/ညလပ(နိုင်)၂၈၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 008334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၈၂၇၀၅၂၅၂

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ ဒေါ်ခေါ်ဆွေ(ဘ)ဦးဘောမ်ခေါ ၁/မကန(နိုင်)၁၁၆၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 665267)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၂၆၆၃၅၉၀

**ပျောက်ဆုံးကြောင်း**
တောင်ကြီးမြို့၊ နောင်ကားကျေးရွာအုပ်စုနေ ထွန်းမြင့်(ဘ)ဦးခွန်မြ ၁၃/ကတလ(နိုင်)၀၁၈၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပေကုန်းကျေးရွာနေ ကျွန်မ ဒေါ်ထွေး၏သမီး မခင်မိုးဆွေ ၈/ရစက(နိုင်)၀၉၅၃၇၁ သည် မိခင်ဖြစ်သူ ကျွန်မအား စိတ်ဆင်းရဲအောင်နည်းအမျိုးမျိုးဖြင့် ပြုလုပ်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ထွေး**
**၈/ရစက(နိုင်)၁၁၂၈၁၉**

## "GREEN TECHNOLOGY ENGINEERING COMPANY LIMITED"
## မတည်ရင်းနှီးငွေလျှော့ချပြီးကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ–၁၁၆(ဈ)အရ "GREEN TECHNOLOGY ENGINEERING COMPANY LIMITED."၏ မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စနှင့်ပတ်သက်၍ (၂၂–၁၀–၂၀၂၅)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေ ကျပ်တစ်သိန်း(၁၀၀,၀၀၀/–)တန် အစုရှယ်ယာ(၆,၀၀၀)စု ကျပ်သိန်းခြောက်ထောင်(၆၀၀,၀၀၀,၀၀၀/–)မှ ယခု ကျပ်တစ်သိန်း(၁၀၀,၀၀၀/–)တန် အစုရှယ်ယာ(၁,၀၀၀)စု ကျပ်သိန်းတစ်ထောင်(၁၀၀,၀၀၀,၀၀၀/–)သို့ လျှော့ချပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**U KYAW SANN OO (MANAGING DIRECTOR)**
**"GREEN TECHNOLOGY ENGINEERING COMPANY LIMITED"**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ (ဃ)တန်း၊ မြေကွက်အမှတ်(၉)၊ ဒေါ်ရင်ဌေး ၉/မခန(နိုင်)၂၇၄၂၅၈ ကိုင်ဆောင်သူမှ(အလျား ၂၄'–၀"၊ အနံ ၁၆'–၀")ရှိ ဝါးထရံကာသွပ်မိုး(၁)ထပ်ခွဲ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## NATION LIGHT & LAND SOLUTION COMPANY LIMITED
## (ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)
## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန်အကြောင်းကြားစာ

NATION LIGHT & LAND SOLUTION COMPANY LIMITED(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၁၇ ရက်၊ နိုဝင်ဘာလ၊ ၂၀၂၅ ခုနှစ်။
နံနက်(၁၀:၀၀)နာရီ။
ကျင်းပမည့်နေရာ ။ ။ အမှတ်–၅၉ အေ၊ ၃ လွှာ၊ ၄ လမ်း၊ ၃ ရပ်ကွက်၊ ဝေဇ္ဇန္တယာလမ်းမ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(MAIP No–၀၀၂၃၂)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ**
**PAI Consultant Service**
ဖုန်း–၀၉၄၂၂၂၁၇၅၁၄၊ ၀၉–၇၇၄၇၈၈၈၄၆

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တည်ဆောက်ရေးလုပ်ငန်း(၁)ခုဖြစ်သည့် လျှပ်စစ်ခြံစည်းရိုးပြုပြင်ခြင်း (Electric Fence System)အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဆောင်ရွက်လိုပါသည်–

| | |
|---|---|
| တင်ဒါပုံစံ ရောင်းချမည့်ရက် | – ၂၄–၁၀–၂၀၂၅ ရက်နေ့မှ ၇–၁၁–၂၀၂၅ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | – မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် | – ၁၁–၁၁–၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၀၁:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | – ၁၁–၁၁–၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၀၁:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | – မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဦးမိုးဇော်(ဘ)ဦးစစ်ကျင် ၁၂/ကမန(နိုင်)၀၄၄၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်ကိုလတ်(ဘ)ဦးညွန့်လွင် ၁၂/မဂဒ(နိုင်)၁၂၅၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၇၇၇၃၈၆၆၈

**ဖခင်အမည်မှန်**
ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီး အ.ထ.ကကျောင်း၊ Grade-11 မှ မအိမ့်မှူးခင်၏ဖခင်အမည်မှန်မှာ ဦးဝဏ္ဏဘွားဝင်း ၇/ဒဥန(နိုင်)၀၈၆၇၅၃ ဖြစ်ပါကြောင်း။
ဦးဝဏ္ဏဘွားဝင်း

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်ခင်(ဘ)ဦးစိုးမိုး ၇/ဒဥန(နိုင်)၁၈၈၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 412157)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၅၅၇၆၄၁၉၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကေတုမတီမြို့၊ အ.ထ.က(ကေတုမတီ)မှ အဘ ဦးစောဝကာ၏သမီး မူလတန်းပြ နန်းခင်အေးသိုက်နှင့် နော်ခင်အေးသိုက် ၃/ကကရ(နိုင်)၀၁၁၃၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
နန်းခင်အေးသိုက်(ခ)နော်ခင်အေးသိုက်

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ နတ်စင်ကုန်း အထက်တန်းကျောင်း Grade-10(B) မှ မဖြိုးကလျာသင်းနှင့် Grade-6(A) မှ မနှင်းချယ်ရီအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းလင်း ၇/တငန(နိုင်)၁၅၅၁၅၈ ဖြစ်ပါကြောင်း။
ဦးဆန်းလင်း

**အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သစ်ခေါက်ဆိပ်ကျေးရွာနေ အဘ ဦးမျိုးလွင်၏သမီး မထူးမြတ်နေခြည်၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၁၈၂၇ အရ မသော်ဇင်ငြိမ်းဖြစ်ပါကြောင်း။
မသော်ဇင်ငြိမ်း

# စာပေမြင့်မှ လူမျိုးတင့်မည်

**အမည်ပြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့၊ အ.ထ.က(၁)Grade-4 မှပညာသင်ကြားနေသော အဘ ဦးမြင့်ဆန်းဦး ၇/တငန(နိုင်)၁၀၁၀၅၉ ၏သမီး မခင်လပြည့်ဝင်းအား ယနေ့မှစ၍ မရတနာမှူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရတနာမှူးအိမ်

**အမည်ပြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့၊ အ.ထ.က(၁)Grade-8 မှပညာသင်ကြားနေသော အဘ ဦးမြင့်ဆန်းဦး ၇/တငန(နိုင်)၁၀၁၀၅၉ ၏သမီး မချစ်မြတ်နိုးဝင်းအား ယနေ့မှစ၍ မချစ်ရတနာသိမ့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မချစ်ရတနာသိမ့်

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၉–က)၊ ကွင်းအမည် စွန်းလွန်းကွင်း၊ (အလျား ၂၄'–၀"၊ အနံ ၆၃'–၀")ဝိုင်းမြေပေါ်တွင် ဒေါ်ခင်ပြုံးမာ ၉/မခန(နိုင်)၂၀၃၂၅၁ ကိုင်ဆောင်သူမှ(အလျား ၁၈'–၀"၊ အနံ ၃၀'–၀")ရှိ ဝါးထရံကာသွပ်မိုး(၁)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## SPRINGBANK INVESTMENT CO.,LTD.
## (In Liquidation)
## Notice Of Final General Meeting

Invitation the Final General Meeting regarding the members' voluntary winding up of SPRINGBANK INVESTMENT CO.,LTD.

The final general meeting of SPRINGBANK INVESTMENT CO.,LTD. which is in the course of winding up in held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting it held as follow

| | | |
|---|---|---|
| Date | : | 17.Nov.2025 |
| Time | : | 10:00 |
| Venue | : | No.54, LEVEL 4,5,LAYLAUNGKAN ROAD, THINGANGYUN, YANGON REGION, MYANMAR |

U THEIN HLAING TUN (Advocate)(MAIP No.00232)
Liquidator (PAI Consultant Service)

Liquidator Office: No. 6/8, Room 104, Upper Pazuntaung Road, Pazuntaung Township, Yangon, Myanmar.
Phone: 09422217514, 09–774788846

# အရေးပေါ်လူနာတင်ယာဉ်စနစ်အကောင်းအထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌတက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူနာတင်ယာဉ်စခန်းများကို နေပြည်တော်ကောင်စီနယ်မြေအတွင်း ခုနစ်မြို့နယ်တွင် သက်ဆိုင်ရာမြို့နယ်များရှိ ဆေးရုံများ၌ အဓိကအခြေပြုထားပြီး စုစုပေါင်းလူနာတင်ယာဉ်စခန်းကိုးခုထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်လူနာတင်ယာဉ်စနစ်အတွက် အသုံးပြုမည့်လူနာတင်ယာဉ်များကို Basic Ambulance အဖြစ် ပြင်ဆင်ဆောင်ရွက်ထားပြီး Telematic စနစ်ဖြင့် တပ်ဆင်ကာ လူနာတင်ယာဉ်တည်နေရာ၊ လှုပ်ရှားမှုတို့ကို Real time ကြီးကြပ်နေကြောင်း၊ နေ့စဉ်ဝန်ထမ်းများ၏တာဝန်ထမ်းဆောင်မှုအခြေအနေ (Readiness)ကို EMS 192 Call Centerမှ နေ့စဉ်နံနက်တိုင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရလူနာများကို ဆေးရုံသို့နည်းစနစ်မှန်ကန်စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် အရေးပေါ်လူနာတင်ယာဉ်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇင်မာစိုးက အရေးပေါ်လူနာတင်ယာဉ်စနစ်နှင့်ပတ်သက်၍လည်းကောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍လည်းကောင်းရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လူနာတင်ယာဉ်များဖြင့် လူနာများကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်း သရုပ်ပြမှုများ၊ လူနာတင်ယာဉ် ပြင်ဆင်ထားရှိမှုများနှင့် Ambulances Crew စုဖွဲ့မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာသို့ရောက်ရှိပြီး စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ရုံး၌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သွင်းအားစုဓာတ်မြေဩဇာကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ကျောက်မှုန့်မြေဩဇာကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပိုက်ဆန်လျှော်မျိုးစေ့ကိုလည်းကောင်း တောင်သူများထံ ပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်သို့ ရောက်ရှိပြီး ကျည်တောင်-သာယာဝှမ်း (ရွှေပေါင်းလောင်း)တံတား ပေ ၅၅၀ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ သစ်တပ်ကျေးရွာနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းကြားလမ်းဦးစီးဌာနမှ ရွာပတ်လမ်းကျောက်ရောမြေ(ရိစာ)လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ယနေ့အချိန်ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံမှ တစ်ဆင့် နယ်စပ်ကိုဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား အမျိုးသား ၈၇၁၀ ဦးနှင့် အမျိုးသမီး ၇၉၆ ဦး၊ စုစုပေါင်း ၉၅၀၆ ဦး၊ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်လေဆိပ်မှ တရားဝင် ဝင်ရောက်လာပြီး မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများသို့ ရောက်ရှိသွားသည့် နိုင်ငံခြားသားအမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၄၅ ဦးတို့ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သဖြင့် စုစုပေါင်းနိုင်ငံပေါင်း ၄၀ နိုင်ငံမှ နိုင်ငံခြားသား အမျိုးသား ၈၇၅၄ ဦးနှင့် အမျိုးသမီး ၇၉၇ ဦး၊ စုစုပေါင်း ၉၅၅၁ ဦးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားသားများအား ၎င်းတို့ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်၍ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင်လွှဲပြောင်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသားအမျိုးသား ၈၅၆၀ ဦး၊ အမျိုးသမီး ၇၇၉ ဦး၊ စုစုပေါင်း ၉၃၃၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ကျန်ရှိနေသည့် ပြည်ပနိုင်ငံသားအမျိုးသား ၁၉၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး၊ စုစုပေါင်း ၂၁၂ ဦးတို့ကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)







# ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် အမြင့်ဘောပေးပို့မှုအများဆုံးအသင်းအဖြစ် မန်ယူအသင်းမှတ်တမ်းဝင်

မန်ချက်စတာ အောက်တိုဘာ ၂၂

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် အမြင့်ဘောပေးပို့မှုအများဆုံးအသင်းအဖြစ် မန်ယူအသင်းက မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် အမြင့်ဘောပေးပို့မှု အကြိမ်ပေါင်း ၄၆၆ ကြိမ်အထိ ပြုလုပ်ထားနိုင်ပြီး ပရီးမီးယားလိဂ်အသင်းများတွင် အကြိမ်ရေအများဆုံးဖြစ်နေသကဲ့သို့ ဝုဗ်အသင်းကလည်း ၄၆၄ ကြိမ်ဖြင့် ဒုတိယအများဆုံးအသင်းဖြစ်နေသည်။

ထို့ပြင် ဝုဗ်အသင်း၏နောက်တွင် အဲဗာတန်အသင်းက ၄၄၉ ကြိမ်ဖြင့် တတိယ၊ ဘုန်းမောက်အသင်းက ၄၄၄ ကြိမ်ဖြင့် စတုတ္ထ၊ ဘန်လေအသင်းက ၄၃၄ ကြိမ်ဖြင့် ပဉ္စမ၊ ပဲလေ့စ်အသင်းက ၄၂၉ ကြိမ်ဖြင့် ဆဋ္ဌမနှင့် ဆန်းဒါးလန်းအသင်းက အကြိမ်ရေ ၄၂၀ ဖြင့် သတ္တမနေရာ၌ အသီးသီးရပ်တည်နေကြသည်။

ပရီးမီးယားလိဂ်ထိပ်သီးအသင်း ခြောက်သင်းတွင် နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းအနေဖြင့် အမြင့်ဘောပေးပို့မှုအနည်းဆုံးဖြစ်ပြီး ၃၀၇ ကြိမ်သာရှိခဲ့ကာ အာဆင်နယ်အသင်းက အကြိမ်ရေ ၃၅၀ ဖြင့် အဆင့်(၁၇)၊ လီဗာပူးအသင်းက ၃၆၆ ကြိမ်ဖြင့် အဆင့်(၁၄)၊ စပါးအသင်းက ၃၇၇ ကြိမ်ဖြင့် အဆင့်(၁၂)နေရာ၌ အသီးသီးရပ်တည်နေကြသည်။

မန်ယူအသင်းသည် ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအဖြစ် လီဗာပူးအသင်းကို အန်ဖီးလ်ကွင်း၌ ပရီးမီးယားလိဂ်နိုင်ပွဲရယူခဲ့ပြီး အဆိုပါပွဲစဉ်မတိုင်မီတွင် နည်းပြအမိုရင်အနေဖြင့် မန်ယူအသင်းကို အမြင့်ဘောများ အသုံးပြုကာ ထိုးဖောက်ယှဉ်ပြိုင်ကစားသွားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် မန်ယူအသင်းအတွက် နှစ်ပွဲဆက်ပွဲထွက်ကစားခွင့်ရခဲ့သည့် ဂိုးသမား ဆန်နေးလန်မန်စ်က လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပေးပို့မှုပေါင်း ၄၆ ကြိမ် ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင်လည်း ဘောလုံးပေးပို့မှု ၄၄ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# ဝက်စ်ဟမ်းအသင်းက ဘရန့်ဖို့ဒ်အသင်းကိုရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် အိမ်ကွင်းလေးပွဲဆက်ရှုံးနိမ့်သည့်မှတ်တမ်းဆိုးကိုရရှိ




လန်ဒန် အောက်တိုဘာ ၂၂

ဝက်စ်ဟမ်းအသင်းသည် အသင်းသမိုင်းတစ်လျှောက် အိမ်ကွင်းလေးပွဲဆက်ရှုံးနိမ့်သည့် မှတ်တမ်းဆိုးကို ရရှိခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်းအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၈)အဖြစ် ဘရန့်ဖို့ဒ်အသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ၂ ဂိုး –ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုဘောလုံးရာသီ အိမ်ကွင်းလေးပွဲကစားရာတွင် လေးပွဲစလုံး ရှုံးနိမ့်သည့်ရလဒ်ကို ရရှိခဲ့သည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်အိမ်ကွင်းပွဲစဉ်များအဖြစ် လေးပွဲယှဉ်ပြိုင်ကစားပြီးချိန်တွင် ချယ်လ်ဆီးအသင်းကို ၅ ဂိုး– ၁ ဂိုး၊စပါးအသင်းကို ၃ ဂိုး– ဂိုးမရှိ၊ ပဲလေ့စ်အသင်းကို ၂ ဂိုး– ၁ ဂိုး၊ ဘရန့်ဖို့ဒ်အသင်းကို ၂ ဂိုး–ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ရာသီအဖွင့်အိမ်ကွင်းလေးပွဲဆက်အရှုံးသည် ၎င်းတို့အတွက် အသင်းသမိုင်းတစ်လျှောက် ဆိုးရွားသည့်မှတ်တမ်းဖြစ်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲစဉ်ရှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့် တန်းဆင်းဇုန်အတွင်း အဆင့်(၁၉)နေရာ၌ ရပ်တည်နေပြီး ရရှိထားသည့် ရမှတ်လေးမှတ်မှာလည်း အဝေးကွင်းပွဲစဉ်များတွင်သာ ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ယခုဘောလုံးရာသီအစပိုင်းတွင် ရလဒ်များဆိုးရွားမှုကြောင့် နည်းပြဂရေဟမ်ပေါ်တာကို ထုတ်ပယ်ခဲ့ပြီး နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်အား အစားထိုးခန့်အပ်ခဲ့သော်လည်း ခြေစွမ်းပိုင်းနှင့် ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ကာ အောက်တိုဘာလ ၂၅ ရက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်(၉)အဖြစ် လိဒ်အသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*




# နော်တင်ဟမ်အသင်းက နည်းပြရှောင်ဒိုက်ချီကို တရားဝင်ခန့်အပ်

လန်ဒန် အောက်တိုဘာ ၂၂

နော်တင်ဟမ်အသင်းသည် နည်းပြရှောင်ဒိုက်ချီကို တရားဝင်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၅၄ နှစ်အရွယ် နည်းပြရှောင်ဒိုက်ချီသည် နော်တင်ဟမ်အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းသည် ယခုဘောလုံးရာသီတွင် နော်တင်ဟမ်အသင်း၏ တတိယမြောက်နည်းပြဖြစ်လာခဲ့သည်။

နော်တင်ဟမ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အောင်မြင်မှုများရယူပေးနိုင်ခဲ့သည့် နည်းပြနူနိုဆန်းတို့စ်ကို အသင်းပိုင်ရှင်နှင့်ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့၍ ထုတ်ပယ်ခဲ့ပြီး စပါးအသင်းနည်းပြဟောင်း ပိုစတီကိုဂလူးအား အစားထိုးခန့်အပ်ခဲ့သည်။

ထို့နောက် နည်းပြပိုစတီကိုဂလူးလက်ထက် ပြိုင်ပွဲစုံ ရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနိမ့်ကာ ပရီးမီးယားလိဂ်အမှတ်ဇယားအဆင့်(၁၈)နေရာသို့ ရောက်ရှိခဲ့ခြင်းကြောင့် ၎င်းကို ထပ်မံထုတ်ပယ်ခဲ့ကာ နည်းပြရှောင်ဒိုက်ချီကို တရားဝင်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းက "လေးစားစရာကောင်းပြီး အတွေ့အကြုံရှိတဲ့ ပရီးမီးယားလိဂ်နည်းပြတစ်ယောက်ဖြစ်တဲ့ ရှောင်ဒိုက်ချီက အသင်းကို နည်းစနစ်ပိုင်း ထက်မြက်ဖို့နဲ့ အောင်မြင်မှုတွေ ယူဆောင်လာပေးဖို့ ရောက်ရှိလာပါပြီ။ သူက အသင်းပရိသတ်တွေရဲ့ တန်ဖိုးကိုလည်း နားလည်သူပါ။ သူ့ကိုခန့်အပ်ခဲ့ခြင်းက ပြည်တွင်းနဲ့ ဥရောပပြိုင်ပွဲတွေမှာ အောင်မြင်တဲ့ ဘောလုံးရာသီဖြစ်ဖို့အတွက် အကောင်းဆုံးအခွင့်အလမ်းပါ" ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နည်းပြရှောင်ဒိုက်ချီသည် နော်တင်ဟမ်အသင်းနှင့် ပထမဆုံးပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၄ ရက်တွင် ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်ပွဲစဉ်ကို စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ဘိုင်ယန်မြူးနစ်အသင်းက နည်းပြကွန်ပနီကို သက်တမ်းတိုးစာချုပ်ချုပ်ဆို

မြူးနစ် အောက်တိုဘာ ၂၂

ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြကွန်ပနီကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်း ခံစစ်ကစားသမားဟောင်း ကွန်ပနီသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၂၄ ခုနှစ် မေလတွင် နည်းပြအဖြစ် စတင်ရောက်ရှိလာခဲ့ပြီး ၎င်း၏မူလစာချုပ်အရ ၂၀၂၇ ခုနှစ် နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက် ၃၉ နှစ်အရွယ် နည်းပြကွန်ပနီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းကို ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလား ချန်ပီယံဖြစ်စေရန် စွမ်းဆောင်ပေးခဲ့သကဲ့သို့ ၎င်းလက်ထက်တွင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ပြိုင်ပွဲစုံပွဲပေါင်း ၆၇ ပွဲကစားခဲ့ပြီး ၄၉ ပွဲအထိ အနိုင်ရရှိထားသည်။

နည်းပြကွန်ပနီက "ဘိုင်ယန်မြူးနစ်အသင်းမှာ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့လို့ ကျွန်တော် ဂုဏ်ယူမိပါတယ်။ အသင်းရဲ့နည်းပြဘဝ ပထမဆုံးနေ့ကစပြီး ယုံကြည်မှုနဲ့ခန့်အပ်ခဲ့တဲ့အတွက် အသင်းတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီအသင်းမှာ ကာလရှည်ကြာဆက်ရှိနေလိမ့်မယ်လို့ ထင်ပါတယ်။ ဒီအသင်းအကြောင်းကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ဒါက ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားတဲ့အတွေ့အကြုံကောင်းတစ်ခုပါ။ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်အောင် ဆက်လက်ကြိုးစားရမှာပါ" ဟုပြောသည်။

နည်းပြကွန်ပနီသည် မန်စီးတီးအသင်းမှ ထွက်ခွာလာခဲ့ပြီးနောက်ပိုင်း ၎င်း၏ကစားသမားဘဝစတင်ရာ ဘယ်လ်ဂျီယံကလပ် အန်ဒါးလက်ချ်အသင်းကို ၂၀၁၉ ခုနှစ်က ကစားသမားနှင့်နည်းပြအဖြစ် ပူးတွဲတာဝန်ယူခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် အချိန်ပြည့်နည်းပြဖြစ်လာခဲ့သည်။

ထို့နောက် အန်ဒါးလက်ချ်အသင်းကို အမှတ်ပေးချန်ပီယံဆုနှစ်ကြိမ် ရယူပေးနိုင်ခဲ့ကာ ၂၀၂၂ ခုနှစ်က ဘန်လေအသင်းနည်းပြဖြစ်လာခဲ့ပြီး ၎င်း၏ ပထမဆုံးဘောလုံးရာသီတွင် ချန်ပီယံရှစ်အမှတ်ပေးဖလားကို ရယူပေးနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ယခုဘောလုံးရာသီအစပိုင်းတွင် ဂျာမန်စူပါဖလား ဆွတ်ခူးနိုင်ခဲ့ပြီး လက်ရှိဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ခုနစ်ပွဲကစား၊ ခုနစ်ပွဲနိုင် ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာ၌ ရပ်တည်နေပြီး အဆင့်(၂)နေရာမှ လိုက်ပဇစ်အသင်းကို ငါးမှတ်ဖြတ်ထားနိုင်ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှစစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့်တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် – အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၃၉၀၇၇

❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးစည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး နိုင်ငံတော်ကိုဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့လိုအပ်တယ် . . .

❖ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သီပေါမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး





သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။


**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကိုဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁** ❐

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းလွန်)တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကိုဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီသစွာ

ဆောင်းပါး စာ-၁၂ သို့

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ထားသော လူနာများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး

စာ-၁၆ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)


နိုင်ငံ တကာ သတင်း အညွှန်း
စာ-၃၃ သို့

မိုဒီနှင့်ထရမ့်တို့က ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်

ထိုင်းဝန်ကြီးချုပ်ဟောင်း ဖယ်ထုန်ထန်ရှင်နာဝပ် ဖူထိုင်းပါတီ၏ ဥက္ကဋ္ဌရာထူးမှနုတ်ထွက်

နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက် ၁၆၀၀၀၀ ကျော် သုတ်သင်ရ



